ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၈.၈၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ပါတီရေးရာကိစ္စ။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ပြည်ပခရီးစဉ်။ ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးထွန်းအောင်၊ တပ်မတော်၊ တာဝန်။ ဒေါက်တာ လှသိန်း၊ မွန်(၆)၊ ဆေးကုသ။ ဦးအောင်ချို့ဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဒေါက်တာ မြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကိုယ်တိုင် ဆောင်ရွက် ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ဆေးကုသ။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ မိသားစုကိစ္စ။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြီးများတွင် အစိုးရသက်သေအဖြစ် ထွက်ဆိုပေးနိုင်ရန်အတွက် သက်သေ၏ လုံခြုံရေးကို အာမခံနိုင်သော သက်သေအကာအကွယ်ပေးမှု အစီအစဉ်များ လုပ်ဆောင်၍ မှုခင်းများဖော်ထုတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြီးများတွင် အစိုးရသက်သေအဖြစ် ထွက်ဆိုပေးနိုင်ရန်အတွက် သက်သေ၏ လုံခြုံရေးကို အာမခံနိုင်သော သက်သေအကာအကွယ်ပေးမှု အစီအစဉ်များ လုပ်ဆောင်၍ မှုခင်းများဖော်ထုတ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များကို ကျွန်တော် ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းခွင့်ရရှိတဲ့ မေးခွန်းကတော့ ရဲတပ်ဖွဲ့နဲ့ သက်ဆိုင်ပြီးတော့ မှုခင်းကျဆင်းရေး အထူးသဖြင့် မှုခင်းများ လျှော့နည်းပပျောက်ရေး မလိုလားအပ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်မှ ပပျောက်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ရည်ရွယ်ပြီးတော့ ပြည်သူများ အကျိုးငှာ ကျွန်တော်မေးမှာ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့နဲ့ သက်ဆိုင်တယ်ဆိုပေမယ့် ရဲတပ်ဖွဲ့တစ်ခုတည်း လုပ်လို့ မရတဲ့ ကိစ္စဖြစ်ပြီးတော့ နှီးနွှယ်ပတ်သက်တဲ့ အဖွဲ့အစည်းများပါတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ် အထိအောင် တိတိကျကျပြောရရင် ကျွန်တော် လွှတ်တော်ထဲရောက်တဲ့အချိန်ထိ နိုင်ငံခြားသားနဲ့ တွေ့လို့ မေးရင် မြန်မာနိုင်ငံမှာကျွန်တော်တို့ အခေါ်တော့ Organized Crime လို့ခေါ်တဲ့ စနစ်တကျ စုဖွဲ့ပြီးတော့ ဂိုဏ်းအသွင်နဲ့ အင်အားကြီးမားစွာ ကျင်းပတဲ့ ပြုလုပ်လေ့ရှိတဲ့ မှုခင်းတွေ ရှိသလားလို့ မေးရင် ကျွန်တော်မရှိဘူးလို့ပဲ ဖြေပါတယ်။ မြန်မာနိုင်ငံမှာ မရှိပါဘူးလို့ ဒါမျိုး ဖြေပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ရပ်တည်ချက်ကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကပဲ ပြန်လည်ပြောင်းရပါတယ်။ ဖြစ်လာတဲ့ အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ ဟိုတစ်နေရာ ဒီတစ်နေရာဖြစ်တယ်ပေါ့၊ မှုခင်းသဘောနဲ့ ပြောရင်တော့ Isolated Case ပေါ့။ သို့သော်ငြားလည်း ဖြစ်တော့ဖြစ်တယ်။ ဖြစ်တာလည်း ကြီးကျယ်ပါတယ်။ ဒီလိုဖြစ်လာတဲ့ မှုခင်းကြီးများ ပေါ်ပေါက်လာတဲ့ အတွက်ကြောင့် ကျွန်တော်တို့ ရပ်တည်ချက် ကလေးတွေ ပြောင်းပြီးတော့ ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ ပထမဆုံး စသိတာတော့ ရန်ကုန်မြို့နယ်၊ ကမာရွတ်မြို့နယ်မှာ ဖြစ်သွားတဲ့ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်မှာ ဖြစ်သွားတဲ့၊ စိမ်းလဲ့ကန်သာဘက်က လူသတ်မှုဖြစ်ပါတယ်။ ကျောက်မျက်ရတနာ တကယ့် ထိတ်ထိတ်ကြဲရပ်ကွက်လည်း ဖြစ်ပါတယ်။

နောက်ပြီးတော့ အင်မတန်ခိုင်မာတောင့်တင်းတဲ့ အိမ်လည်းဖြစ်တယ်။ အဲဒီအထဲမှာ မိသားစု (၅)ယောက်ကို သတ်သွားတဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စဟာ ဖြစ်ပေါ်သွားပေမယ့် ဒီနေ့ထိအောင် ကြားလိုက်တဲ့ အသိကတော့ အစအနမပေါ်သေးဘူးပေါ့။ အမှုတစ်ခုဖြစ်လာရင်တော့ တာဝန်ရှိတာ တော့ ရဲကစပါတယ်။ Infraction စပါတယ်။ အခင်းဖြစ်ပွားတဲ့ Scene of Crime ကို စစ်ပါတယ်။ စစ်တဲ့အခါမှာ ခြေရာလက်ရာစစ်ပါတယ်၊ ကျန်ခဲ့တဲ့ အထောက်အထား ပစ္စည်းသက်သေစစ်ပါတယ်။ ပစ္စည်းသက်သေထက် ပိုအရေးကြီးတာ လူသက်သေဖြစ်ပါတယ်။ လူသက်သေဆိုတာ မျက်မြင်တော့ ရှိချင်မှရှိမယ်။ ကြားတယ်၊ သိတယ်၊ ဖြစ်နိုင်တယ်။ နှီးနွှယ်ပတ်သက်တယ် ဒီလို လူသက်သေ အမြဲရှိနိုင်ပါတယ်။ ဒီလောက်ကြီးကျယ်တဲ့ကိစ္စက မရှိနိုင်ဘူးဆိုတာတော့ သိပ်မဖြစ်နိုင်ဘူး။

သို့သော် လူသက်သေဘာလို့မရနိုင်လဲဆိုတော့ သူ့ပေါ်မှာ ပြန်လည်တုံ့ပြန်လာမယ့် တစ်နည်းအားဖြင့် ကျရောက်လာမယ့် အန္တရာယ်ကိုကြောက်ပြီးတော့ လူတွေကကိုယ့်ရဲ့ အန္တရာယ် ကြောင့် သက်သေမထွက်ဆိုရဲတာ ဖြစ်နိုင်တယ်လို့ ဒါအားလုံးသုံးသပ်လို့ ရပါတယ်။ ဒါပထမအချက် ဖြစ်ပါတယ်။ ဒါကတော့ တစ်ကြိမ်ပဲဖြစ်တာ ဖြစ်ပါတယ်။ ဒီထက်အကြိမ်လည်းများတယ်။ ဖြစ်တဲ့နေရာ လည်းများတယ်။ မှုခင်းရဲ့ပမာဏကို ကျွန်တော်က ငွေကြေးနဲ့တိုင်းတာမယ်ဆိုရင်လည်း သန်းရာချီတဲ့

ကိစ္စ ဖြစ်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ မူးယစ်ဆေးဝါးကိစ္စ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေး၊ တစ်နည်းအားဖြင့် ရူးသွပ်စိတ်ကြွဆေးတွေကို မြန်မာနိုင်ငံအနှံ့အပြားမှာ မိပါတယ်။ တပ်မတော်ရေက မြန်မာ့ပင်လယ်ပြင်မှာ တစ်ကြိမ်မိတယ်၊ ကျန်တာတော့အများအားဖြင့် ကျွန်တော်တို့ကုန်းလမ်းကြောင်းမှာ မိတာများပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိတဲ့အခါမှာ လမ်းကြောင်းပေါ်မှာ မိတာများပါတယ်။ သယ်ဆောင်ရာ လမ်းကြောင်း ဖြစ်ပါတယ်။ ကျွန်တော် ဥပမာပေးတာပါခင်ဗျား။ တကယ်လို့မပြောပါဘူး ဥပမာ လားရှိုး - သီပေါကြားမှာ မိတယ်။ မိပြီဆိုရင်တော့ ဘယ်က သယ်လာတယ်ဆိုတဲ့ အဖြေရှိပါတယ်။ သို့သော် သယ်ဆောင်လာတဲ့ကား၊ ကားပေါ်မှာမိတဲ့ မူးယစ်ဆေးဝါးပမာဏများပါတယ်။ သန်းရာချီ ပါတယ်။ ရုံဖန်ရံခါ လက်နက်ငယ်များမိပါတယ်။ လက်ပစ်ဗုံးမိပါတယ်၊ စကားပြောစက်မိပါတယ်၊ လူမိပါတယ်။ အဲဒီတော့ မိလိုက်တဲ့ ပစ္စည်းကတော့ ထင်ရှားတဲ့ ပစ္စည်းသက်သေ ဖြစ်ပါတယ်။ လူသက်သေလည်း မိပါတယ်။ (၂)ယောက် ယာဉ်မောင်းရယ် တစ်ယောက်ပါတယ်။

သို့သော် သူတို့သည် ဘယ်နေရာကသယ်လာတယ်၊ ဘယ်ကဝယ်တယ်၊ ဘယ်က သယ်ခိုင်း တယ်စသည်ဖြင့် ဒီလိုအခြေစိုက်တဲ့ ပင်ရင်း Source ကို မပြောရဲဘူးပေါ့။ သူတို့ပဲခံမယ် မူးယစ် ဆေးဝါးနဲ့ပတ်သက်ရင် ကျတဲ့ပြစ်ဒဏ်ဟာ အင်မတန်ကြီးမားတာကို ဥက္ကဋ္ဌကြီးသိပါတယ် ခင်ဗျား။ ကြီးမားတဲ့ပြစ်ဒဏ်ကို ထောင်ဒဏ်ရောခံရမယ်ဆိုရင်လူတွေဟာ လုပ်ဖော်ကိုင်ဖက် ကြံဖော်ကြံဖက် ကိုတောင် သစ္စာမစောင့်ဘဲဖော်ထုတ်တာများပါတယ်။ ဒါပေမဲ့ဒီကိစ္စကြီးတွေမှာမဖော်ပါဘူး။ သူတို့ပဲခံ သွားမှာပါ။ အဲဒါ အကြောင်းပြချက်က ဘာလို့လဲ ကျွန်တော် စောကြောကြည့်တဲ့အခါကျတော့ သူတို့ရဲ့ အသက်အန္တရာယ်ပါပဲ။ အဲဒီလို ဒီလိုကြီးကြီးကျယ်ကျယ် မူးယစ်ဆေးဝါးကိုသိုလှောင်နိုင်တယ်၊ ဖြန့်ချိ နိုင်တယ် သယ်ပို့နိုင်တဲ့ပုဂ္ဂိုလ်များဟာ၊ အဖွဲ့အစည်းဟာ အားကောင်းနိုင်ပါတယ်။ ဒါကြောင့် ဒါကို တုံ့ပြန်လာမယ့် အင်မတန်ရှည်လျားတဲ့ လက်တံနဲ့ အင်အားကြီးမားတာကို ကြောက်ရွံ့ပြီးတော့ သူတို့ ဒါကို မထွက်ဆိုရဲဘဲ ကိုယ်တိုင်ပဲ ခံသွားကြတာဖြစ်ပါတယ်။

ကျွန်တော် ဒါကြောင့်မို့လို့ ဒီမေးခွန်းမေးတဲ့အခါမှာ သက်သေတွေကို အစိုးရသက်သေအဖြစ် ထွက်ဆိုပေးမယ့် သက်သေတွေကို အကာအကွယ်ပေးနိုင်မယ့် အစီအစဉ်လို့ ထည့်မေးခြင်းဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သိထားတဲ့ အစီအစဉ်လေးကတော့ USA ကတော့ သေချာသိပါတယ်။ အဲဒါကတော့ Witness Protection Program လို့ ခေါ်ပါတယ်။ အထူးသဖြင့် ဒီလို Militancy ပေါ့။ အုပ်စုဖွဲ့ကျင်းပတဲ့ Organized Crime အကြီးကြီးတွေဆိုရင် သက်သေကထွက်ဆိုတဲ့၊ ထွက်ဆိုချက်နဲ့ သက်သေကိုလည်း သူတို့ရလိုက်ပြီ မိလိုက်ပြီဆိုရင် သက်သေနဲ့ သက်သေမိသားစုတစ်စုလုံးကို အာမခံ လိုက်တယ်၊ ခံလိုက်ပြီးတော့ ပြည်နယ်ပြောင်းပေးလိုက်တယ်၊ ပြောင်းပြီးတော့ ကျွန်တော်တို့က Identity ပေါ့၊ သူတို့ကတော့ အမျိုးသားမှတ်ပုံတင်တော့မရှိဘူး။ သူတို့မှာ အထောက်အထားရနိုင်တဲ့ Credit Card လိုဟာမျိုး၊ ယာဉ်မောင်းလိုင်စင်ဟာမျိုး၊ အကုန်လုံး ပြောင်းပေးလိုက်တယ်။ နာမည်ကအစ ပြောင်း၊ လိပ်စာကအစပြောင်းပြီး လူမသိနိုင်မယ့်နေရာကို ရွှေ့ပြောင်းထားတယ်။ (၂၄)နာရီ စောင့်ကြည့် အစီအစဉ်ပေါ့၊ Survey Land နဲ့ သူတို့ကို ထားပေးလိုက်တယ်။ ဒီလိုကြီးမားတဲ့ မှုခင်းကြီးတွေကျတော့ ဘယ်ကပဲကိုင်လဲဆိုတော့ FDI က ကျွန်တော်တို့ အမျိုးသား စုံစမ်းရေးဗျူရိုတို့၊ နောက်ပြီးတော့ DEA

ပေါ့၊ မူးယစ်ဆေးဝါး ဗဟိုအေဂျင်စီတို့က၊ ဒါမျိုးကြီးတွေက ကိုင်တယ်။ တရားရုံးကျတော့လည်း သာမန်တရားရုံးမှာ မတင်ဘဲနဲ့ Grand Jury လို့ ခေါ်တဲ့ အထူး ခုံရုံးကြီးမှာပဲ စစ်ပါတယ်။

အဲဒီလိုကို ဒီသက်သေကို အဲဒီမှာလာပြီး ထွက်ဆိုပြီးတဲ့အထိ အမှုခိုင်မာသွားပြီးတော့ စီရင်ချက်ချတဲ့အထိ စီရင်ချက်ချတဲ့အခါမှာ ပြစ်ဒဏ်အရ (Maximum Security Prision)ပေါ့ လုံခြုံရေးအမြင့်မားဆုံးထောင်ကြီးမှာ ပို့တယ်။ ဘယ်လိုမှ သူကပြန်လည်တုံ့ပြန်နိုင်တဲ့ အနေအထား မရှိတော့ဘူး။ စိတ်ချရမယ်ဆိုတဲ့အချိန်မှာ ဒီသက်သေကို မူရင်းနေရာကို ပြန်ပို့တဲ့ အစီအစဥ် ဖြစ်ပါတယ်။ မှန်ပါတယ် ခင်ဗျား။ ဒီကိစ္စ ငွေကုန်ကြေးကျ အင်မတန်များပါတယ်။ ဥပဒေပြဋ္ဌာန်းချက်လိုပါတယ်။ ကျွန်တော်တို့ ဒါတွေကို သိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာမရှိသေးတဲ့အတွက်ကြောင့် လုပ်မယ်ဆိုရင် ဘယ်ကစမလဲဆိုတော့ ဥပဒေကစရမှာပေါ့။ အစီအစဥ်က စရမှာပေါ့၊ ဒီအချိန်မှာတော့ စသင့်ပြီလို့ ယုံကြည်လို့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီ လူ့ဘောင်သစ် ပြည်သူ့ဗဟိုပြု အုပ်ချုပ်မှု၊ ပြည်သူ့အစိုးရဖြစ်နေတဲ့ အချိန်မှာမလုပ်ရင် ဘယ်အချိန်လုပ်မလဲဆိုတဲ့ မေးခွန်းက မေးစရာ ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော် ပြောချင်တဲ့ အချက်ကတော့ ဒါကို လုပ်ဖို့အတွက် (၁) ဥပဒေ ထွက်နိုင်ဖို့အတွက် စတင်ပြင်ရပါမယ်။ အစီအစဥ်အကြမ်းတွေ ဆွဲထားရပါတယ်။ စီမံကိန်းပုံကြမ်းလောင်းထားရမယ်။ စုဖွဲ့မှု ရှိရမယ်။ လေ့ကျင့်မှုရှိရမယ်။ တည်ဆောက်မှုရှိရမယ်။ အဲဒါ အချိန်အများကြီး ကြာနိုင်ပါတယ်။ အခုအချိန်ကတော့ စဖို့အချိန်ကောင်း ဖြစ်ပြီလို့ ယုံကြည်ပါတယ်။ ဥပဒေအနေနဲ့ကတော့ ပြည်ထောင်စုလွှတ်တော်ကို တင်ရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်က တစ်ဆင့်လွှတ်တော်ကို တင်ရင်လည်း ဘယ်လွှတ်တော်ကိုယ်စားလှယ်မှ ဒါမျိုးကို ငြင်းမှာ မဟုတ်ပါဘူး။ အမျိုးသားလုံခြုံရေးကိစ္စ ဖြစ်တယ်၊ ပြည်သူ့ဘဝလုံခြုံရေးကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ဒါထောက်ခံမှုအပြည့်အဝရနိုင်တဲ့ ဥပဒေ ဖြစ်ပါတယ်။ ဥပဒေရပြီဆိုရင် စီမံကိန်းပါနိုင်တယ်။ စီမံကိန်းပါရင် ဘဏ္ဍာငွေခွင့်ပြုချက် ရနိုင်ပါတယ်။ ဒါဟာ ဆက်လုပ်လို့ရတဲ့ အဆင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမှာပါခဲ့တဲ့ အတိုင်းပဲ တရားစီရင်ရေးအာဏာ ခိုင်မာဖြောင့်မတ်စေရန်နဲ့ အဂတိလိုက်စားမှုကင်းရန်အတွက် ဒီလိုမှုခင်းမျိုးမှာ အစိုးရသက်သေအဖြစ် ထွက်ဆိုပေးနိုင်ရန်အတွက် သက်သေရဲ့ လုံခြုံရေးကိုအာမခံနိုင်တဲ့ Wintness Protection Program များရှိတဲ့ နိုင်ငံများမှာသာ ဒီလိုမှုခင်းများကို ဖော်ထုတ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့လည်း အဆိုပါ သက်သေ အကာအကွယ်ပေးမှု အစီအစဥ်များ လုပ်ဆောင်ပြီးတော့ မှုခင်းကြီးများကို ဖော်ထုတ် ရန် အစီအစဥ် ရှိ/မရှိ ပြည်သူများအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ဧရာဝတီတိုင်းဒေသကြီးအမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နေ့စဉ်၊ ညစဉ် ရပ်ကင်း၊ လှည့်ကင်း၊ ဝပ်ကင်း၊ လုံခြုံရေးကင်းတွေနဲ့ လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တရားရုံးတွေမှာလည်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ငြိမ်ဝပ်ပိပြားမှု ရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိလူဦးရေနဲ့ ရဲတပ်ဖွဲ့ဝင် ပြည်သူအချိုးတွေဟာဆိုရင် ၁ အချိုး ၆၉၀ ဖြစ်ပါတယ်။ သက်သေဆိုတာကတော့ တရားရုံးရဲ့ ရှေ့မှာ တရားရုံးရဲ့ ခွင့်ပြုချက် ဒါမှမဟုတ် ညွှန်ကြားချက်အရ အစစ်ခံသူကို ဆိုလိုကြောင်း သက်သေခံဥပဒေပုဒ်မ ၃ မှာဖွင့်ဆိုထားရှိပါတယ်။ မေးခွန်းမှာ ပါရှိတဲ့ အစိုးရသက်သေဆိုတဲ့ စကားရပ်ကတော့ တည်ဆဲဥပဒေ တစ်ခုခုမှာ အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားခြင်း မရှိပါဘူး။

ဒါပေမဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၃၇ နဲ့အညီ ထွက်ဆိုချက်ပေးတဲ့ (ဖော်ကောင်) ကို အစိုးရသက်သေ ဆိုပြီးတော့ အရပ်သုံးစကားနဲ့ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာပုဒ်မ ၃၃၇ မှာ ဖမ်းဆီးရမိသူ ဒါမှမဟုတ် ကြံရာပါ တစ်ဦးတစ်ယောက်ထံမှ သက်သေခံချက် ရရှိရန် အဆိုပါ ပြစ်မှုနှင့်တကွ ပြစ်မှုကျူးလွန်ရာ၌ အရင်းခံ ကျူးလွန်သူ၊ အားပေးကူညီသူ၊ ပါဝင်ပတ်သက်သူတို့နဲ့ စပ်လျဉ်း၍ ထိုသူ သိသမျှကို မခြွင်းမချန် အမှန်အတိုင်း ဖော်ထုတ်စေရမည် ဆိုသော စည်းကမ်းချက်နဲ့ ထိုသူကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးပြီးတော့ သက်သေအဖြစ် ထွက်ဆိုချက် ရယူတဲ့ နည်းလမ်းကို ပြဋ္ဌာန်းထားရှိပါတယ်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၉ မှာ ရဲအရာရှိတိုင်းဟာ ကြိုတင်ကာကွယ်ရန် ရည်ရွယ်ချက်နဲ့ကြားဝင် ဆောင်ရွက်နိုင်တဲ့အပြင် ရဲအရေးယူ ပိုင်ခွင့်ရှိတဲ့ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မည့်အရေးကို မိမိစွမ်းဆောင်နိုင်သမျှ ကြိုတင်ကာကွယ်ရမည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ ဒါ့အပြင် ၁၉၄၅ ခုနှစ် ရဲဥပဒေ အခန်း(၃)မှာ ရဲတပ်ဖွဲ့ဝင်တို့ရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၃) ပုဒ်မ ၁၈ ပုဒ်မခွဲ (၂)မှာ ပြစ်မှုများနှင့် နှောက်ယှက်မှုများကို တားဆီးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းချက်တွေအရ သက်သေအပါအဝင် လူတစ်ဦးချင်းစီရဲ့ လုံခြုံရေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကနေပြီးတော့ ခြုံငုံပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အရေးကြီးတဲ့ မှုခင်းတွေမှာ သက်သေထွက်ဆိုချက် မှန်ကန်စွာရရှိဖို့အတွက် အဓိကကျတဲ့သက်သေတွေကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆၄ နဲ့အညီ တရားရုံးမှာ တရားခံရဲ့ မျက်ကွယ်မှာ ထွက်ဆိုချက် ရယူဆောင်ရွက်လျက် ရှိပါတယ်။

အဲဒီလို ကြိုတင်ထွက်ဆိုချက် ရယူတဲ့နေရာမှာ တရားခံ ရှေ့မှောက်မှာ ထွက်ဆိုရခြင်း မဟုတ်ဘဲနဲ့ သက်သေတစ်ဦးတည်း ကြိုတင်ထွက်ချက် ရယူခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သက်သေကို အထိုက်အလျောက် လုံခြုံမှု ရရှိစေနိုင်မှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးမှုများနဲ့ လူကုန်ကူးမှုတွေမှာ ဖမ်းဆီးရမိတဲ့တရားခံတွေဟာ ၎င်းတို့ရဲ့ အဓိကခေါင်းဆောင် ဘယ်သူဖြစ်ကြောင်းနဲ့ မည်သည့်နေရာတွင်

နေထိုင်ကြောင်း အမှန်တကယ်ပင် မသိတဲ့အနေအထားမျိုးလည်း ရှိပါတယ်။ အဲဒီလို ဖြစ်ရခြင်းကတော့ ခေါင်းဆောင်နဲ့လက်ငင်းရောင်းချနေတဲ့ လူတို့ရဲ့ ကြားမှာအဆင့်ဆင့် ကြားခံများ ရှိနေပြီးတော့မှ တရားခံ တစ်ဦးကနေ ခေါင်းဆောင်ကို သိမယ်ဆိုလို့ရှိရင်လည်း ဒီတရားခံကို ဖမ်းဆီးရမိပြီဆိုတာနဲ့ တစ်ပြိုင်နက် ခြေရာဖျောက်သွားပြီးတော့ သက်သေခံပစ္စည်းများကိုလည်း နေရာရွှေ့ပြောင်း ဖျောက်ဖျက်ခြင်းများလည်း ပြုလုပ်လေ့ရှိပါတယ်။ ဒါကြောင့်မို့ တရားခံတစ်ဦးတစ်ယောက်ကို တရားရုံးမှာ စစ်ဆေးနေတဲ့ အဆင့် မှာပဲ ခေါင်းဆောင်ဆိုတဲ့ လူတွေက လုံခြုံသော နေရာများကို ရှောင်တိမ်းသွားနိုင်ပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ လူတစ်ဦးကို ဖမ်းဆီးတဲ့နေရာမှာ သူ့ထံမှာ အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိပါက အရေးယူနိုင်ခြင်း မရှိသော်လည်းပဲ အမှုဖော်ထုတ်ရာမှာ ခိုင်မာတဲ့သတင်းတွေကို စုဆောင်းပြီးတော့မှ အတည်ပြုပြီးတော့ စနစ်တကျ လျှို့ဝှက်ဖော်ထုတ်ခြင်း၊ ဖမ်းဆီးရမိတဲ့ တရားခံများရဲ့ ထွက်ဆိုချက်ပေါ်မှာ အဆင့်ဆင့် စစ်ဆေးဖော်ထုတ်ခြင်းများကြောင့် လက်နက်ခဲယမ်းများ၊ ငွေတန်ဖိုးပမာဏများတဲ့ မူးယစ်ဆေးဝါးအမှုများကို အဓိက ခေါင်းဆောင်တရားခံများနဲ့အတူ ဖမ်းဆီးရမိခဲ့တဲ့ ဖြစ်စဉ်များလည်း ရှိပါတယ်။ ဒီဖြစ်စဉ်တွေကိုလည်း ထုတ်ပြန်ကြေညာခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ သက်သေရဲ့ လုံခြုံရေးကို အာမခံနိုင်တဲ့ Witness Protection Program တွေကို သီးခြားရေးဆွဲဆောင်ရွက်ထားခြင်း မရှိသော်လည်းပဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆၊ ၉၇၊ ၁၀၀ နဲ့ ၁၀၃ တို့မှာ ကာကွယ်ခုခံပိုင်ခွင့်များကို ပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၉၆ မှာကာကွယ် ခုခံပိုင်ခွင့်အရ ပြုတဲ့ပြုလုပ်မှုဟာ ပြစ်မှုမမြောက်ကြောင်းနဲ့ ၉၇ မှာတော့ ပြစ်မှုကျူးလွန်မှုကို တားဆီးကာကွယ်ရန်နဲ့ ပစ္စည်းများကိုကာကွယ်၊ မိမိကိုယ်နဲ့အခြားသူများကို ကာကွယ်ခုခံပိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၀၀ မှာ မကာကွယ် မခုခံဘဲနေမယ်ဆိုလို့ရှိရင် သေစေရန်၊ နာကျင်စေရန်၊ မုဒိမ်းကျင့်ရန် စိုးရိမ်ဖွယ်ရာ အခြေအနေရှိမယ်ဆိုလို့ရှိရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ် ခုခံရာမှာ လူကိုသေသည်အထိ ပြုလုပ်နိုင်ကြောင်းနဲ့ ပုဒ်မ ၁၀၃ မှာ မှုခင်းကြီးများဖြစ်တဲ့ လုယက်မှု၊ ညအချိန်ဖောက်ထွင်းမှု၊ မီးနဲ့ အကျိုးဖျက်ဆီးမှုနဲ့ မကာကွယ်မခုခံလို့ရှိရင် သေစေရန်၊ နာကျင်စေရန် အကြောင်းရှိတဲ့ခိုးမှုတို့မှာ လူကိုသေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်းလည်း ပြဋ္ဌာန်းထား ပါတယ်။

ဒီအထက်ပါ ဥပဒေပြဋ္ဌာန်းချက်များဟာ သက်သေများရဲ့လုံခြုံရေးကို အဓိကကာကွယ် ပေးထားနိုင်တာလည်းဖြစ်ပါတယ်။ မှုခင်းကြီးများမှာ သက်သေအဖြစ် ထွက်ဆိုရတဲ့ ပုဂ္ဂိုလ်တွေအ နေနဲ့ လုံခြုံရေးစိုးရိမ်လာရန်အကြောင်းရှိကြောင်း သိရှိရပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ကြိုတင်သတင်းပေး ခြင်းဖြင့်လည်း သက်သေတွေရဲ့ လုံခြုံရေးကို အထူးကိစ္စတစ်ရပ်အနေနဲ့ ထည့်သွင်းစဉ်းစားပြီး စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သက်သေရဲ့လုံခြုံရေးကို အာမခံနိုင်တဲ့ Witness Protection Program တွေကို သီးခြားရေးဆွဲဆောင်ရွက်ထားခြင်း မရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေများမှာ ပြဋ္ဌာန်းထားတဲ့ လူ့ကိုယ်ကို ထိခိုက်စေတဲ့ ပြစ်မှုများမှ ကာကွယ်ခုခံပိုင်ခွင့်အရ သက်သေတစ်ဦးတစ်ယောက်အပေါ်မှာ ကျရောက်လာ နိုင်တဲ့ အန္တရာယ်များရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဥပဒေများနဲ့အညီ အစွမ်းကုန်အလေးထား စောင့် ရှောက် ကာကွယ်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ် မေးခွန်းမေးမြန်းခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးဖြေဆိုသွားတာ ကျွန်တော် အားလုံးကျေနပ်ပါတယ်။ ဒုတိယဝန်ကြီးရဲ့ စကားထဲမှာကို ပါပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပြည်သူအချိုးအရ လုံလောက်တဲ့ ကာကွယ်မှုတော့ ပေးနိုင်မှာမဟုတ်ဘူး ဆိုတာလည်း ကျွန်တော် ခန့်မှန်းလို့ ရပါတယ်။ တတ်နိုင်သမျှကာကွယ်နိုင်မှာပဲဖြစ်ပါတယ်။ ခုခံကာကွယ်ပိုင်ခွင့်ဆိုတာလည်း စောစောကပြောတဲ့ Organized Crime မှာ လုပ်လာတဲ့အင်အားမျိုးနဲ့ကျရင်တော့ နိုင်မှာ မဟုတ်ပါဘူး။ နောက်တစ်ခုကတော့ ဒုတိယအချက်ကတော့ Witness Protection Program မလုပ်နိုင်သေးဘူး ဆိုတဲ့ အဖြေလည်းထွက်ပါတယ်။ ကျွန်တော်တို့ကတော့ လုပ်စေချင်တဲ့ရည်ရွယ်ချက်နဲ့ အစတော့ ပျိုးသင့်ပြီ ဥပဒေဖြစ်ဖို့တော့ စဖို့တော့သင့်ပြီ ဆိုတဲ့သဘောနဲ့ မေးခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များခင်ဗျာ၊ ကျွန်တော် ဒေါက်တာ ခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်း ရေးဥပဒေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကို ကျွန်တော်ဘာကြောင့်ဆွေးနွေးသလဲဆိုတော့ ကျွန်တော် လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကျော်က စပြီးတော့ နိုင်ငံတကာကိုရောက်ပါတယ်။ အမေရိကလည်း ရောက်တယ်၊ ဂျာမဏီလည်း ရောက်တယ်၊ အင်္ဂလန်လည်း ရောက်တယ်။ ရောက်တဲ့နေရာတိုင်းမှာ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံရဲ့ရှေးဟောင်းပစ္စည်းတွေ သူတို့အိမ်တွေမှာ ကျွန်တော်တွေ့ရတယ်။ အထူး သဖြင့် ဝမ်းနည်းစရာကောင်းတာက ဘုရားရဲ့ ကျွန်တော်တို့အလွန်ကိုးကွယ်တဲ့ ဘုရားရဲ့ဦးခေါင်းတော် တွေ ဆိုလို့ရှိရင် ဖိနပ်ချွတ်တဲ့ ဖိနပ်စင်ရဲ့ဘေးမှာကိုက Display လုပ်ထားတာကို တွေ့ရတဲ့အခါမှာ ကျွန်တော်တော်တော်ဝမ်းနည်းပါတယ်။

နောက်တစ်ခါ အထူးသဖြင့် ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံပေါ့။ အဓိက ထိုင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဒီရှေးဟောင်းပစ္စည်းတွေ ရောင်းတဲ့ဆိုင်ကြီးတွေ အများကြီးရှိတယ်။ အဲဒီမှာဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာတောင်မှ ရှာလို့မရတဲ့ပစ္စည်းတွေ၊ တန်ဖိုးကြီးမားတဲ့ပစ္စည်းတွေ၊ အထူးသဖြင့် ရှမ်းပြည်ကပစ္စည်း၊ နောက်တိုင်းရင်းသားတွေပစ္စည်းတွေ တော်တော်များများရှေးဟောင်းတွေ တော်တော် များများ တွေ့တယ်။ အဲဒါဘာကြောင့် ကျွန်တော်တို့တွေ့လဲဆိုတဲ့အခါကျတော့ စီးပွားရေးအရပဲ။

စီးပွားရေးအရ ကျွန်တော်တို့ဆီမှာ အဲဒီပစ္စည်းတွေ ဝယ်ပြီးတော့ စုဆောင်းနိုင်တဲ့အင်အား မရှိဘူး။ ဝယ်နိုင်တဲ့ ပုဂ္ဂိုလ်အင်အား မရှိတဲ့အခါကျတော့ တော်တော်များများက ပြည်ပကို နည်းမျိုးစုံနဲ့ ထုတ်ကြတယ်။ ဘုရားတွေဆိုလည်း ခေါင်းဖြတ်တယ်။ ခေါင်းတော်ဆိုရင် ခေါင်းတော်တွေထုတ်တယ်။ မိတာလည်းအများကြီးပဲ။ ပစ်ချတာလည်းအများကြီးပဲ။ ထွက်တာလည်း အများကြီးပဲ။ ဒီနေ့အထိလည်း ဆက်ထွက်နေတုန်းပဲ။ ကျွန်တော် ဟိုတလောတုန်းက A Ma ta ရဲ့ပိုင်ရှင် ဘီးကိုလ်အိမ် ကျွန်တော် ရောက်တယ်။

သူ့တစ်အိမ်လုံးမှာ ဆင်ထားတာမြန်မာနိုင်ငံရဲ့ ရှေးဟောင်းပန်းပုလက်ရာတွေနဲ့ ရှေးဟောင်းပစ္စည်းတွေ။ နောက် နန်းတွင်းသုံးပစ္စည်းတွေက ဆင်ပြီးတော့ သူကကျွန်တော့်ကို ဂုဏ်ယူစွာနဲ့ ဒါ မြန်မာ့ဘယ်လက်ရာ၊ ဘယ်လက်ရာလို့ပြောတဲ့အချိန်မှာ ကျွန်တော် ရှက်လည်းရှက်ပါတယ်။ ဝမ်းလည်း နည်းပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ပစ္စည်းတွေကို သူများတိုင်းပြည်ကနေ ဂုဏ်ယူစွာ ပြနိုင်တယ်။ ပြနိုင်လောက်အောင်လည်း ကျွန်တော်တို့ပစ္စည်းရဲ့ အနည်းဆုံးတော့ (၇၅)ရာခိုင်နှုန်း အထက်က နိုင်ငံခြားကိုရောက်ကုန်ပြီ။ ဥပမာ တစ်ခုပြောရလို့ရှိရင် ကျွန်တော်မြရိပ်ညိုဖွင့်တယ်။ ဖွင့်တဲ့အချိန်မှာ ကျွန်တော်စိတ်ဝင်စားပါတယ်။ ဒီရှေးဟောင်းနဲ့ပတ်သက်လို့ ကျွန်တော်မြရိပ်ညို ဟိုတယ်ကြီးဆိုလို့ရှိရင်လည်းပဲ ရှေးဟောင်းပစ္စည်းတွေနဲ့ အဓိကမွမ်းမံမယ်ဆိုပြီးတော့ ဥပမာ မွန်ပြည်နယ်က ကျွန်တော် ဟင်္သာကြီးဝယ်တယ်။ တစ်ကောင်ဆိုလို့ရှိရင်လှေနဲ့ပါသွားပြီ။ စက်ာပူပို့ လိုက်တယ်။ တစ်ကောင်ပဲ ကျွန်တော်ဝယ်လို့ ရတဲ့အနေအထားမျိုးရှိလို့ ကျွန်တော် မြရိပ်ညိုမှာထား ထားတယ်။ အဲဒီအတိုင်းပဲ ပစ္စည်းတော်တော်များများ ကျွန်တော်တို့ဆီက ဆရာခြုံတို့၊ ဆရာခတို့ လက်ရာအပါအဝင် တော်တော်များများအပြင်ထွက်ကုန်ပြီ။ ကျွန်တော်ရလိုက်တာမှာ သုံးလေးကား လောက်ပဲ ကျွန်တော်ရလိုက်တဲ့အနေအထားမျိုးရှိတဲ့အခါကျတော့ အဲဒါကို အရင်အစိုးရလက်ထက်က တောင်မှ မကာကွယ်ဘူးလားဆိုတော့ ကာကွယ်ခဲ့တယ်။

၁၉၅၇ အက်ဥပဒေအရ ကာကွယ်ခဲ့တယ်။ ပြည်ပကိုထုတ်ရင် ဘယ်လိုအကြောင်းကြောင်းနဲ့ အမှုကဘယ်လောက်၊ ထောင်ဒဏ်ကဘယ်လောက်ဆိုပြီးတော့ ကာကွယ်ပေမယ့် ဘယ်လိုမှမရပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံကနေထွက်နေတဲ့ လှေပေါင်းက တစ်နေ့တစ်နေ့ကလည်းအများကြီးထွက်နေ တယ်။ ကားပေါင်းကလည်းအများကြီး ထွက်နေတယ်။ နောက် အဓိက မြဝတီ၊ မဲဆောက်ကနေပြီးတော့ ကျွန်တော်တို့သောင်ရင်းမြစ်ကိုဖြတ်ပြီးတော့ သွားနေတာတွေလည်းအများကြီးဖြစ်တဲ့အတွက်ကြောင့် ဒါကာကွယ်ဖို့လိုတယ်ဆိုတာ ကျွန်တော် သဘောပေါက်တယ်။ တစ်ဖက်ကနေပြီးတော့ ယဉ်ကျေးမှု ဝန်ကြီးဌာနကလည်း မထိန်းသိမ်းဘူးလားဆိုတော့ ထိန်းသိမ်းတယ်။ အထူးသဖြင့် မရွှေ့ပြောင်းနိုင်တဲ့ အဓိကပစ္စည်းတွေပဲ ထိန်းသိမ်းနိုင်ပြီးတော့ ရွှေ့ပြောင်းနိုင်တဲ့ တကယ့်တန်ဖိုးရှိတဲ့အသေးလေးတွေ ကျတော့ ထိန်းသိမ်းဖို့ခက်ပါတယ်။ ဘာလို့လဲဆိုရင် ပိုက်ဆံနဲ့ဝယ်ရတာ ပိုင်ရှင်တွေရှိနေကြတယ်။ သူ့မှာလည်း ဘတ်ဂျက်က ယဉ်ကျေးမှုဝန်ကြီးဌာနဖြစ်တဲ့အတွက်ကြောင့် ဘတ်ဂျက်က အကန့်သတ် အကန့်အသတ်လေးတွေ ရှိနေတယ်။

အဲဒီတော့ ဒါတွေမှ သူက လိုက်ပြီးတော့ ဝယ်ရမယ် ဆိုလို့ရှိရင်လည်း သူ့အနေနဲ့ မဝယ်နိုင် ပါဘူး။ သူ ဒီ ထိန်းသိမ်းတာတောင်မှ တော်တော်များများနေရာမှာ ယဉ်ကျေးမှုဝန်ကြီးဌာနရှိတဲ့ ပိုက်ဆံနဲ့ မထိန်းသိမ်းနိုင်လို့ ပျက်ဆီးသွားတာတွေလည်းအများကြီးရှိတဲ့ အနေအထားဖြစ်တဲ့ အတွက်ကြောင့်

ကျွန်တော့်အနေနဲ့ ဒီရှေးဟောင်းဝတ္ထုပစ္စည်း ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အခန်း(၁) ကျွန်တော် ဘာမှပြောစရာမရှိပါဘူး။ ဒီ အခန်း(၂)မှာ ရည်ရွယ်ချက်၊ ရည်ရွယ်ချက်မှာကတော့ ဝန်ကြီးဌာနကဆွဲတဲ့အတွက်ကြောင့် အခုဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်တွေပဲ ပါတယ်။ ပါတယ်ဆိုတာ သူပဲလုပ်မယ် ဆိုတဲ့သဘောမျိုးပါတယ်။ တကယ့်တကယ်ကျတော့ သူမဝယ် နိုင်တဲ့ပစ္စည်းတွေ ဘယ်သူဝယ်မလဲ၊ ဘယ်သူ ကစုမှာလဲ။ ကျွန်တော် ဒီအပတ် ပြီးခဲ့တဲ့အပတ်က ကျွန်တော် ထိုင်းသွားတယ်။ ပြခန်း လေးငါးခန်းလောက် ကျွန်တော်လိုက်ကြည့်တယ်။ အဲဒီမှာဆို ပုဂ္ဂလိကတွေ၊ ဘုရင့်သမီးအဟောင်းပေါ့လေ။ ဖွင့်ထားတဲ့ပြခန်း၊ ပစ္စည်းနည်းနည်းလေးပါ။ ကျွန်တော် ပိုက်ဆံပေးပြီးဝင်ရတယ်။ Tourist attraction အနေနဲ့ အဲဒီ ပုဂ္ဂလိကတွေကနေ ပြခန်းတွေ အများကြီး ပြထားတယ်။

တစ်နေရာဆို တော်တော်ကြီးကြီးကျယ်ကျယ်ကြီးပြထားတာရှိတယ်။ ကျွန်တော် ပိုက်ဆံပေးပြီး ဝင်ရတယ်။ Tourist တွေကလည်း အဲဒါကို အဓိကထားပြီးတော့ စိတ်ဝင်စားစွာသွားနေကြတာပေါ့။ ဒီနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာဆိုလို့ရှိရင် Tourist က သုံးသိန်းကနေသုံးသန်း၊ သုံးသန်းကနေ ခြောက်သန်း၊ ခြောက်သန်းကနေ ဆယ်သန်းလာတော့မယ်။ ရန်ကုန်မြို့ဆိုရင် ရွှေတိဂုံဘုရားကြီးဖူးပြီး ဆူးလေသွား၊ ဒါလောက်ကလွဲလို့ ဘယ်နေရာမှမရှိဘူး။ အဲဒီတော့ အဲဒါမျိုးတွေကို ကျွန်တော်တို့ ဒီလိုမျိုးတစ်ဖက် ကနေပြီး သူ့ရဲ့ရည်ရွယ်ချက်အတိုင်း အခွင့်ရှည်ကြာစွာ ကာကွယ်ထိန်းသိမ်းဖို့တို့၊ နောက်တစ်ခါ ရှေးဟောင်းပစ္စည်းကို ကာကွယ်ခြင်းနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားဖို့ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ် ထက်သန်ဖို့အတွက်ကို နိုင်ငံတော်အစိုးရ တစ်ခုတည်းက ထိန်းလို့မရပါဘူး။ ထိန်းရင် အခုလိုပဲ သူ့ပိုင်ရှင်တွေကတော့ သူ့အကြောင်းကြောင်းကြောင့် နဂိုတုန်းကသူထိန်းထားတယ်။ ဒါပေမဲ့ သူ့မှာ ငွေရေးကြေးရေးကလိုမယ်။ ကျန်တဲ့ အကြောင်းကြောင်းတွေကြောင့် သူကရောင်းရမယ်။ အထူးသဖြင့် ဘုန်းကြီးကျောင်းတွေမှာလည်း သူ့နည်းအတိုင်းပဲ ဘုန်းကြီးကျောင်း ဆောက်ချင်တယ်။ သူ့ဆီမှာ ထိန်းထားတယ်။

ပုရပိုက်တွေ၊ ဆောက်ချင်တယ်၊ ဘုန်းကြီးကဒါကို ရောင်းရတာပဲ အကြောင်းကြောင်းကြောင့်။ အဲဒီလိုမဖြစ်အောင် ကျွန်တော်တို့ ထိန်းသိမ်းနိုင်တဲ့လူက ထိန်းသိမ်းပြီးတော့ ပြခန်းတွေဖွင့်။ ဖွင့်ပြီးတော့မှ ပြခန်းတွေကြည့်ပြီးတော့မှ တို့ရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်ဟာ ဒီမှာ ရှိတာပါလားဆိုတာ သိအောင်လို့ ကျွန်တော်တို့ အဲဒီမှာ နိုင်ငံတော်ကခွင့်ပြုချက်နဲ့ ကျွန်တော်တို့ ပြခန်းတွေ ဖွင့်လှစ်ဖို့လိုတယ်။ ရည်ရွယ်ချက်မှာ အဲဒါမပါလာဘူး။ မပါလာဘဲနဲ့ သူနိုင်ငံတော် တစ်ခုတည်း ထိန်းသိမ်းမယ်ဆိုတာ ဒီခေတ်ဒီအခါမှာ နိုင်ငံတစ်ခုတည်း ထိန်းသိမ်းလို့လည်းမရပါဘူး။ ဒါကြောင့် အဲဒါလေးကိုပြန်ပြီး စဉ်းစားပေးဖို့လိုပါတယ်။ နောက် အခန်း(၃)မှာ ရှေးဟောင်းပစ္စည်းအဖြစ်သတ်မှတ်ခြင်းဆိုတာ ပြီးပြည့်စုံ ပါတယ်။ တော်တော်လေးရေးထား တာတွေကလည်းကောင်းပါတယ်။ ဒါကို ကျွန်တော် Pre - Shake လုပ်ပါတယ်။ အခန်း(၄)မှာ ခုန ကျွန်တော် ပြောတဲ့ ရှေးဟောင်းပစ္စည်းများ ကာကွယ်ခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်း၊ ဒါနဲ့ ပတ်သက်လို့လည်း ပြောစရာမရှိပါဘူး။ အဲဒီ ကာကွယ်တဲ့နေရာမှာ ခုန ကျွန်တော်တင်ပြသလိုပဲ နိုင်ငံတော်တစ်ခုထဲနဲ့ ကာကွယ်လို့ မရပါဘူး။ ကျွန်တော်တို့ တိုင်းရင်းသားတွေ နောက် မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံး ကာကွယ်ရမှာ။ ရှမ်းမှာဆိုလည်း ဒါရှေးဟောင်းတွေ အများကြီး၊ ကချင်မှာလည်း အများကြီး၊ ရခိုင်မှာလည်း အများကြီး၊ ကျွန်တော်တို့ မွန်မှာဆိုလည်း

အများကြီးရှိတဲ့အတွက်ကြောင့် အသီးသီးမှာ ကျွန်တော်တို့ တိုင်းရင်းသား အသီးသီး အားလုံးမှာ တာဝန်ရှိတဲ့အတွက်ကြောင့် အကုန်ကာကွယ်ဖို့ လိုပါတယ်။

နောက်တစ်ခုက အဲဒီ အခန်း(၄)ပဲ။ (၆)မှာ ဒီ ပြည်ထောင်စုအစိုးရ၏ ၆(ဃ)မှာ သူကရေးထားတယ်။ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှေးဟောင်းပစ္စည်းတစ်ခုခုကို နိုင်ငံတော်အကျိုးငှာ သိမ်းပြီးတော့ ကာကွယ်ထိန်းသိမ်းခြင်းဆိုတော့ လူတစ်ဦးတစ်ယောက်ရဲ့ ပစ္စည်းကို အခု လယ်တောင်မှ တစ်ကွက်ကလေးမှ ကိုင်လို့မရတာ၊ သူက တစ်မြတ်တစ်နိုးထားတဲ့ ပစ္စည်းကို နိုင်ငံတော်က နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းခြင်း၊ သိမ်းယူပြီး ကာကွယ်ခြင်းဆိုတဲ့ ဥစ္စာတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ၁၉၅၇ ဥပဒေမှာတောင်မှ တန်ရာတန်ကြေး ပေးပြီးတော့မှ နောက်တစ်ခါ ရှေးဟောင်းရဲ့ Value ပေါ့၊ အဲဒီ အဲဒါပါ ပေးပြီးတော့မှ ဝယ်ရတဲ့ အနေ အထားဖြစ်ပေမယ့် အခု ဒီ ဥပဒေမှာကတော့ အဲဒီ သိမ်းမယ်ဆိုတဲ့ သဘောမျိုးပါတာ၊ အဲဒါဆိုလို့ရှိရင် ပိုပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေ ပိုပြီး ပျောက်သွားနိုင်စရာ အကြောင်းရှိပါတယ်။ ဒါကြောင့် အဲဒီမှာ ကျွန်တော် အပိုဒ်ကလေးတစ်ပိုဒ်ထည့်တယ်။ တန်ဖိုးငွေ ပေးချေပြီးတော့၊ တကယ်တမ်း တန်းဖိုးရှိတယ်။ တကယ်တမ်း ပြတိုက်မှာ ထားချင်တယ်ဆိုရင်တော့ သူရဲ့ တန်ရာတန်ကြေးတော့ ပေးဖို့ လိုပါတယ်။

နောက်တစ်ချက် (င)မှာ (င)မှာလည်း ဒီအတိုင်းပဲ၊ အမျိုးသားပြတိုက် သူက အမျိုးသားပြတိုက် တစ်ခုပဲပြလို့ မလုံလောက်တော့ပါဘူး။ အဲဒီကိုလည်း စိတ်ဝင်စားတဲ့သူ နည်းပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပုဂ္ဂလိကပြခန်းတွေ ဖွင့်လှစ်ဖို့လိုတဲ့အတွက်ကြောင့် သူ ခွင့်ပြုပေးဖို့ လိုပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီ နံပါတ် (၇)မှာ ဝန်ကြီးဌာနသည် လာပြီးတော့ လှူလာတဲ့ ပစ္စည်းတွေ သူ လက်ခံနိုင်တယ်။ ထိန်းသိမ်းနိုင်တယ်။ ဒါကျွန်တော် လက်ခံပါတယ်။ နောက်တစ်ခါ ယင်းပစ္စည်းကို ထိုက်တန်တဲ့ ကာလတန်ဖိုး ချီးမြှင့်ငွေပေးအပ်ရမယ်။ ဒါလည်း လက်ခံပါတယ်။ နောက်တစ်ခါ အဲဒါတွေနဲ့ ပတ်သက်လို့လည်း ကျွန်တော် ခုနက ပြောသလိုပေါ့၊ မျိုးချစ်စိတ် ရှင်သန်ဖို့အတွက် သူတစ်ယောက်ထဲ မဟုတ်ဘူး။ အားလုံးဝိုင်း စောင့်ရှောက်ဖို့လိုကြောင်းကိုလည်း ကျွန်တော်တင်ပြချင်ပါတယ်။

နောက် အရေးအကြီးဆုံး အချက်ကတော့ နံပါတ်(၈) ပုဒ်မ ၈ (ခ)(၂)မှာ ပါပါတယ်။ ပစ္စည်းရှင်သည် မိမိ သို့မဟုတ် မိမိ၏ ဘိုးဘွားစဥ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူ တစ်ဦးဦးနှင့် ပတ်သက်၍ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ဖတ်လိုက်ရင်တော့ လွယ်ပါတယ်။ တကယ့် အဓိပ္ပါယ်ဟာကျတော့ ဘိုးစဥ်ဘောင်ဆက်က ခိုင်လုံတဲ့ အကြောင်းပြချက်ရှိရမည်ဆိုတော့ ရှေးဟောင်းဆိုကတည်းက နှစ်ပေါင်း(၁၀၀)ကျော်ပြီ၊ တချို့လည်း (၅၀၀)၊ (၁၀၀၀)ရှိပြီ၊ အဲဒီ ပစ္စည်းကို ဘိုးဘွားစဥ်ဆက်ရဲ့ ခိုင်လုံသော အကြောင်းပြချက် ဘယ်လို လုပ်ရနိုင်မှာလည်း အဲဒါကို ကျွန်တော်တို့က ၁၉၅၇ ပြထားတဲ့ ဥပဒေမှာတောင်မှ ဒီ နံပတ်(၅)မှာ ပိုင်ရှင်ဆိုသည့် စကားရပ်မှာ မိမိနှင့် အခြားတွဲဖက်ပိုင်ရှင်များအတွက် စီမံအုပ်ချုပ်အာဏာအပ်နှင်းခြင်းခံရသော တွဲဖက်ပိုင်ရှင်နှင့် ရှေးဟောင်းဝတ္ထုပစ္စည်း စီမံအုပ်ချုပ်မှုအာဏာကို သုံးစွဲနေသော စီမံအုပ်ချုပ်သူ သို့တည်းမဟုတ် ယုံကြည်အပ်နှံခံရသူ၊ ထို့အပြင် အဆိုပါ ပိုင်ရှင်၏ ပိုင်ဆိုင်ခွင့် ဆက်ခံသူနှင့် အဆိုပါ စီမံအုပ်ချုပ်သူ၏ သို့မဟုတ် ယုံကြည်အပ်နှံခံရသူ၏ ရာထူးဆက်ခံသူ ပါဝင်သည်ဆိုတော့ အရင် ၁၉၅၇ တုန်းက ရေးတဲ့ ပိုင်ရှင်ရဲ့ အဓိပ္ပါယ်က ဒါမှန်တယ်။ အခုဟာ ရှေးဟောင်း ပစ္စည်းမှန်သမျှဟာ မူလက

ခုနတုန်းက ဆင့်ကဲဆင့်ကဲ ဘိုးစဉ်ဘောင်ဆက်၊ ဥပမာ စုဘုရားလတ် ရဲ့ ပစ္စည်းဆိုရင် စုဘုရားလတ်ရဲ့ မြေးလက်ထဲမှာ မရှိတော့ဘူး။ ဆင့်ကဲ ဆင့်ကဲ ဆင့်ကဲနဲ့ သူတို့ရဲ့ အကြောင်းအမျိုးမျိုးကြောင့် လွှဲရင်းနဲ့ တစ်ယောက်ဆီ ရောက်သွားတယ်။ ရောက်တယ်ဆိုကတည်းကိုက ၁၉၅၇ က ပြဋ္ဌာန်းတဲ့ ဥပဒေက အမှန်၊ အခု ကျွန်တော်တို့က ဝန်ကြီးဌာနက အခုလာတဲ့ ဥပဒေအရဆိုရင်တော့ နှစ်(၁၀၀၀)လောက်က ကျွန်တော်တို့ ဆွေစဉ်မျိုးဆက် လိုက်ရမယ့် သဘောမျိုးဖြစ်တဲ့အတွက်ကြောင့် အဲဒီ ကျွန်တော်တို့ ပုဒ်မ ၈၊ အပိုဒ်(၂) ဆိုတာကိုလည်း ကျွန်တော်တို့ ပြန်စဉ်းစားဖို့ လိုပါတယ်။

နောက် ကျွန်တော် ဒီအထဲမှာ အခန်း(၆)၊ ရှေးဟောင်းပစ္စည်းတွေ့ရှိခြင်း။ ဒါပြောစရာမရှိပါဘူး။ နိုင်ငံအတွင်းမှာ ရှိတဲ့ ပစ္စည်းမှန်သမျှ နိုင်ငံတော်က ပိုင်ပါတယ်။ အခန်း(၇) ရှေးဟောင်းပစ္စည်းနှင့် စပ်လျဉ်း၍ ခွင့်ပြုလျှောက်ထားခြင်း။ အဲဒီမှာ ကျွန်တော် ခုနက တင်ပြသလို လျှောက်ထားခွင့် ပြုဖို့ရယ်၊ နောက်တစ်ခါ ဒီ အထဲမှာ အဆိုးဆုံးက ရှေးဟောင်းပစ္စည်းကို ဒီ ကျွန်တော်တို့ ပုဒ်မ ၁၄၊ အပိုဒ် (၃)မှာ ပါတယ်။ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတွင် တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ခြင်း သို့မဟုတ် ပို့ဆောင်ခြင်း။ ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာလည်း ရှေးဟောင်းပစ္စည်းတချို့ ကျွန်တော် ဝါသနာပါလို့ ချိတ်ထားတယ်။ ရုံးမှာချိတ်တယ်။ ကျွန်တော် ရုံးနဲ့ အိမ်နဲ့ ကျွန်တော်ပြောင်းရင်းနဲ့ ကားထဲမှာ ဒီပစ္စည်း ရဲကတွေ့သွားရင် ကျွန်တော် ထောင်(၆)လ ကျွန်တော်က ကျခံရဦးမယ်။ အရင် ၁၉၅၇ တုန်းက ပြထားတာက နယ်စပ်ကို ထုတ်ရင်၊ ပြည်ပကို ထုတ်ရင် သူက ဥပဒေ ထောင်(၆)လဆိုပြီး ချထားတာ၊ ဒါ ၁၉၅၇ က၊ အခု ကျွန်တော်တို့က အခုလုပ်တဲ့ ဥပဒေကျတော့ ပြည်ပမဟုတ်ဘူး။ ပြည်တွင်းမှာ သယ်ရင်ကို ကိုယ်တိုင်ကိုက ဥပဒေအရ ပုဒ်မချမယ် ဆိုတော့ အခုဟာပိုဆိုးသွားတာက ခိုးပြီးတော့ ပြည်ပပို့ရမယ် တိုက်တွန်းသလို ဖြစ်သွားတဲ့ အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့် ဒါကိုပယ်ဖျက်ဖို့ လိုပါတယ်။

နောက်တစ်ခုက ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းပစ္စည်းကို ဓာတ်ပုံရိုက်ကူးခြင်း၊ ကျွန်တော်တို့ တစ်ဖက်ကလည်း မျိုးချစ်စိတ်ဓာတ် ထက်သန်ရမယ်။ တစ်ဖက်က လည်း ဟာ ဘာဖြစ်ရမယ်၊ ညာဖြစ်မယ် ပြောပြီးတော့ ရှေးဟောင်းပြတိုက်က ပစ္စည်းကိုပဲ ကျွန်တော် ဗီဒီယိုရိုက်တယ်။ ပြီးတော့မှ TV မှာ ပြမယ်။ Sky Net မှာပြမယ်။ ပြတာနဲ့ ဒီ ဥပဒေနဲ့ ညိပြီးတော့ ပုဒ်မအရ ထောင်ဒဏ်(၆)နှစ်ကျဦးမယ်။ ဘာကြောင့်လဲဆို ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ရိုက်ကူးခြင်း၊ သို့မဟုတ် စီးပွားရေးအလို့ငှာ ပုံတူကူးခြင်း၊ ဒီအပိုဒ်ကလည်း ဘယ်လိုမှ မထည့်သင့်တဲ့ အပိုဒ်ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ဗီဒီယိုရိုက်တာနဲ့၊ ရုပ်ရှင်ရိုက်တာနဲ့ ဓာတ်ပုံရိုက်တာနဲ့ ဒါကြီးက ကျွန်တော်တို့က ပြန့်ပွားဖို့၊ ကျွန်တော်တို့က မျိုးချစ်စိတ် ထက်သန်ဖို့၊ ကျွန်တော်တို့ဆီမှာ ဘာပစ္စည်းတွေ ရှိသလဲဆိုတာကို ပြဖို့လိုတာကို ဒီ အပိုဒ်(၂)ပိုဒ် သွားထည့်လိုက်တယ်။ တစ်နေရာနဲ့ တစ်နေရာ သယ်လို့ မရဘူး။ ဓာတ်ပုံရိုက်လို့မရဘူးဆိုတော့ ဒီ(၂)ပိုဒ်ကိုလည်း ပယ်ဖျက်ဖို့ ကျွန်တော်တို့ စဉ်းစားပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။

ဒါကြောင့် ဒီအထဲမှာ ပါပါတယ်။ နောက်ဆုံး အခန်း(၈)မှာ ပြစ်မှုနဲ့ ပြစ်ဒဏ်များ။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲနဲ့ ပြည်ပသို့ သယ်ဆောင်ခြင်း၊ ပို့ဆောင်ခြင်း ပြုလုပ်လို့ ရှိရင် (၅)နှစ်နဲ့ (၁၀)နှစ်၊ လက်ခံတယ်။ သေဒဏ်တောင်ပေးသင့်တယ်။ တချို့ ကျွန်တော်တို့ရဲ့ ကိုးကွယ်တဲ့ ကျွန်တော်တို့ရဲ့ ဘုရား ဦးခေါင်းတော်တွေ ဖြတ်ပြီးတော့များ သယ်မယ်ဆိုလို့ရှိရင် (၅)နှစ်၊ (၁၀)နှစ်တောင် မဟုတ်ပါဘူး။ သေဒဏ်အထိ ပေးဖို့ ကောင်းပါတယ်။ နောက်တစ်ခုက မည်သူမဆို ရှေးဟောင်းပုံစံပျက်

ရင်(၃)နှစ်မှ (၇)နှစ်၊ ဒါပေးရမယ်။ ဒါ ပြဿနာမရှိပါဘူး။ ခုနပြောသလို မည်သူမဆို ကျွန်တော်တို့ ပုဒ်မ ၁၇ မှာ ပါပါတယ်။ ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာ ရောင်းချရန် ရည်ရွယ်၍ စုဆောင်းထားခြင်း၊ ရန်ကုန်မြို့မှာလည်း ရှိတယ်။ နယ်မှာလည်း ရှိတယ်။ ရောင်းချရန် အလို့ငှာ၊ ရောင်းချတယ်ဆိုကတည်းကိုက ပိုက်ဆံမရှိ၊ ဘိုးစဥ်ဘောင်ဆက်ထိန်းထားတဲ့ ပစ္စည်း၊ ငွေရေးကြေးရေးအရ သူ့ရဲ့ Right၊ သူကနေ သွားပြီးတော့ ဒီ ပစ္စည်းကိုသူကရောင်းချင်ပါတယ်ဆိုရင်တော့ ဆိုင်အပ်တယ်။ ဆိုင်ကနေပြီးတော့ စုဆောင်းနိုင်တဲ့ ပုဂ္ဂိုလ်ကိုပေးတာ အပြစ်မဟုတ်ဘူး။ အဲဒီပစ္စည်းကို နိုင်ငံခြား ထုတ်တာသာ အပြစ်ပါ။ အဲဒါကို ဒီအထဲမှာက စုဆောင်းမယ်၊ လက်ဝယ်ထားမယ်၊ စီးပွားရေးအလို့ငှာ ရောင်းချမယ်။ နောက်ပြီးတော့ ဝယ်ယူခြင်းပြုလျှင် ကျွန်တော်က ရှေးဟောင်းပစ္စည်းကို စုချင်လို့ အဲဒီဆိုင်ကနေ သွားဝယ်လိုက်တာနဲ့ အဲဒီလူကို ထောင်ဒဏ်(၅)နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် ဆိုတော့ အဲဒါလေးတွေလည်း ပြန်ပြီး စဥ်းစားဖို့ လိုပါတယ်။

နောက် မည်သူမဆို ခွင့်ပြုချက် မရဘဲနဲ့ အောက်ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခံရလျှင် ထိုသူကို (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ အဲဒီတော့ ပုဒ်မ ၁၈(က)ပါ။ ရှေးဟောင်းဝတ္ထုပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း။ အရင် ၁၉၅၇ က ဥပဒေမှာတောင်မှ ပြည်ပကို ပို့ဆောင်တာပဲ အဓိကပါပြီး၊ အခု ဒီ ဥပဒေမှာ ပြည်တွင်းက ခုနကျွန်တော်တင်ပြသလို ကျွန်တော့်ရုံးက အိမ်ပြောင်းတယ်၊ နောက် ကျွန်တော် decoration သွားချင်တယ်။ ကျွန်တော်ပစ္စည်းက တခြားနိုင်ငံမှာ လွတ်လပ်စွာ သွားပိုင်ခွင့် ရှိပေမယ့် ကျွန်တော်တို့ ပြည်တွင်းမှာ သွားပိုင်ခွင့် မရှိဘူးလား၊ ရှိရင် ထောင်ဒဏ်ပဲ ချတော့မှာလား။ ကျွန်တော်စဥ်းစားစရာ အကြောင်းတွေရှိတယ်။

နောက်တစ်ခါ ခုန ထပ်ပြီးရေးထားပါတယ်။ ပုဒ်မ ၁၈ မှာ ဦးစီးဌာန လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းပစ္စည်းများကို ဓာတ်ပုံရိုက်ခြင်း၊ ဗွီဒီယို၊ ရုပ်ရှင်ရိုက်ခြင်း၊ စီးပွားရေးပုံတူကူးခြင်း၊ အဲဒါတွေက တစ်ခါထပ်ပြီး ပါလာတဲ့အတွက်ကြောင့် အဲဒါတွေလည်း ပြန်စဥ်းစားဖို့လိုပါတယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ် တင်ပြရရင်တော့ အခန်း(၉) အထွေထွေမှာ ဝန်ကြီးဌာနသည် မြန်မာမူရင်းမဟုတ်တဲ့ ရှေးဟောင်းပစ္စည်းနဲ့ စပ်လျဥ်းပြီးတော့ မူလပိုင်ဆိုင်သူဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြတောင်းခံလာတဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အား အဆိုပါ ဥပဒေနှင့်အညီ ပြန်လည် လွှဲပြောင်းနိုင်သည်ဆိုတဲ့ အပိုဒ်တွင် ဒီအထဲမှာ ထည့်ထားတာ ရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီ ဥပဒေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ကျွန်တော်တို့ ပြန်လည်စဥ်းစားဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ အဓိကရည်ရွယ်ချက်က ဘာလဲ၊ အဓိက ရည်ရွယ်ချက်က ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ မျိုးချစ်စိတ်ကို ရှင်သန်စေတဲ့ တိုင်းရင်းသားတွေရဲ့ ကျွန်တော်တို့ ရှေးဟောင်းပစ္စည်းတွေကို ပြည်ပမရောက်ဖို့ ကျွန်တော်တို့ ကာကွယ်ရမယ့် တာဝန်ဖြစ်တယ်။ အဲဒီကာကွယ်ဖို့အတွက်ကို ကျွန်တော်တို့ ကာကွယ်တဲ့ဥပဒေပဲ ထုတ်ဖို့လိုတယ်။ အဲဒီလိုကာကွယ်ရင်း ကျွန်တော်တို့က ထိန်းသိမ်းထားတယ်။ ကျွန်တော်တို့ဆီမှာပစ္စည်းဆို ဥပမာ ဆရာခြုံလက်ရာ ပန်းချီကားတစ်ချပ်ရှိတယ်။ အဲဒီဆရာခြုံလက်ရာဆို သူ့ဘိုးစဥ်ဘောင်ဆက်သူ့ဟာသူ ဘယ်သူ့ကို လိုက်ရှာရမှန်းမသိတဲ့ ဒီဥပဒေကြီး ဒီလိုပြဋ္ဌာန်းပြီး လုပ်မယ် ဆိုလို့ရှိရင် မလိုက်နာနိုင်တဲ့ ဥပဒေဖြစ်တဲ့အတွက်ကြောင့် ဒါကြီးကို ပြန်လည် စဥ်းစားသုံးသပ်ပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဓာတ်ပုံရိုက်တယ် ဆိုတာ အပြည်ပြည်ဆိုင်ရာမှာ တားမြစ်တာ။ Flash Gun ကြောင့်မို့လို့ ပစ္စည်းပျက်စီးတယ်။ ဓာတ်ပုံဗီဒီယို ဘယ်နိုင်ငံမှ ခွင့်မပြုဘူး။ နိုင်ငံတော်ကပဲ ရိုက်ပြီးတော့ ဖြန့်တယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဟုတ်ကဲ့။

**အချိန်၊ ၁၀း၄၀**။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀**။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဒီရှေးဟောင်းပစ္စည်းကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ဥပဒေအနေနဲ့ အကြမ်းအားဖြင့် အပိုင်း(၄)ခုကို ကျွန်တော် ဆွေးနွေးချင်ပါတယ်။ အဲဒီကတော့ ပုဒ်မ ၆၊ အခန်း(၄) ပုဒ်မ ၆ မှာ (ဃ)မှာ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာတန်ဖိုးမြင့်မားသည်ဟု နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း ဆိုတဲ့စကားရပ်အစား ရှေးဟောင်းအမွေအနှစ်ဆိုင်ရာတန်ဖိုးမြင့်မားသည်ဟု နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို သက်ဆိုင်ရာဒေသရှိပြတိုက်တွင် ထိန်းသိမ်းထား ရှိခြင်းလို့ ကျွန်တော်ပြင်ဆင်လိုပါတယ်။

နောက်ပုဒ်မ ၁၅၊ အခန်း(၈)၊ ပုဒ်မ ၁၅ မှာ မည်သူမဆိုရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း ပြုကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး(၅)နှစ်မှ အများဆုံး(၁၀)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း(၅၀)မှ အများဆုံးကျပ်သိန်း(၁၀၀)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံ၊ ရှေးဟောင်းပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည် ဆိုတဲ့အပိုဒ်မှာ ကျွန်တော့်အနေနဲ့ ထပ်ထည့်ချင်တာက မည်သူမဆိုရှေးဟောင်း ဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း သို့မဟုတ် ယင်းသို့ ပြုလုပ်ရန် အားထုတ်ခြင်းဆိုတဲ့ စကားလုံးတစ်ခုကို ကျွန်တော် ထပ်ထည့်ချင်ပါတယ်။ ယင်းသို့ ပြုလုပ်ရန် အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး(၅)နှစ်မှ အများဆုံး (၁၀)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း(၅၀)မှ အများဆုံး သိန်း(၁၀၀)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံ ရှေးဟောင်း ပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်လို့ ကျွန်တော်ပြုပြင်ချင်ပါတယ်။

အဲဒီမှာ attempt လုပ်တဲ့ဟာ၊ အားထုတ်ခြင်းကို ထည့်ပေးချင်ပါတယ်။ နောက် (၃) က အခန်း(၈)၊ ပုဒ်မ ၁၈ မှာ မည်သူမဆိုခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း

ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ (က) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း ဆိုတဲ့ကိစ္စမှာတစ်လောက ဆရာကြီး ဦးခင်ရွှေ ဆွေးနွေးသွားသလိုပဲ။ ဒါမိမိရဲ့အမွေအနှစ်ကိုယ်ပိုင်ပစ္စည်းတွေ ဖြစ်တဲ့အခါမှာ ဒီဟာတွေဟာ အရှုပ်ရှင်းဖြစ်နိုင်တဲ့အတွက်ကြောင့် ဒီဟာကို ကျွန်တော်တို့က ဖယ်ထုတ်ထားချင်ပါတယ်။

နောက် အခန်း(၉) ပုဒ်မ ၂၄ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တဲ့ အထဲမှာ ပုဒ်မ ၂၅၊ မူရင်းဥပဒေ ပုဒ်မ ၂၄ ဤဥပဒေပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုမှတ်တမ်း အဖြစ် သတ်မှတ်သည်လို့ ပြဋ္ဌာန်းထားပါတယ်လို့ ရေးထားပါတယ်။ ဒီမှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကတော့ ပုဒ်မ ၁၉ ပါ ပြစ်မှုကိုရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ် သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါနဲ့ကြောင့် ဒီဟာမှာတော့ မူလဥပဒေ၊ မူရင်းဥပဒေမှာပါတဲ့ အတိုင်းပဲ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်လို့ ပြဋ္ဌာန်းသင့် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလပ်စတစ် သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူ တစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း တင်သွင်းထားသည့် ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလပ်စတစ်သုံးစွဲမှု လျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံးအသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်း

ဆက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ဖြစ်ပါတယ်။

ရိုသေလေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆွေးနွေးရမှာတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ ပြည်သူများရဲ့ကျန်းမာရေး၊ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်များထိန်းသိမ်းရေးတို့ အတွက် ပလပ်စတစ်သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံးအသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အနည်းငယ်မျှ ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကနေ အဆိုတင်သွင်းသွားတဲ့အခါမှာလည်း ကျွန်တော်တို့ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ စတိုခန်းကနေစပြီးတော့ ယနေ့တစ်နိုင်ငံလုံး မြေဆီသြဇာ အဆင့်အထိပါ အန္တရာယ်ရှိစေနိုင်ကြောင်းကို ပြည့်ပြည့်စုံစုံ တင်ပြသွားပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တင်ပြလိုတာကတော့ ဒီနေ့ ပလပ်စတစ်သုံးစွဲမှုနဲ့ပတ်သက်လို့ အကျိုးနဲ့အပြစ် နှစ်ခုရှိတာကို သွားတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိ ကျွန်တော်တို့နိုင်ငံတွင်မက တစ်ကမ္ဘာလုံးမှာ ပလပ်စတစ်သုံးစွဲမှုဟာ များပြားစွာသုံးစွဲရတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပလပ်စတစ်သုံးစွဲမှုဟာ ထုပ်ပိုးရလွယ်ကူတယ်၊ ထိန်းသိမ်းရလွယ်ကူတယ်။ ပေါ့ပါးတယ်။ ဘက်ပေါင်းစုံ ဒီနေ့ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေနဲ့ ပြန်ကြည့်မယ်ဆိုရင်လည်း လူတန်းစားအလွှာမျိုးစုံကနေပြီး သုံးစွဲနိုင်တဲ့အခြေအနေ ရှိပါတယ်။ လက်ရှိဆိုကျွန်တော်တို့ ရေဗူး၊ ပလပ်စတစ်၊ ကြွတ်ကြွတ်အိပ်ကအစ ဒါလေးတွေအလွယ်တကူ သုံးစွဲလို့ ရပါတယ်။ ဒါ လူတန်းစားအလွှာကို အကျိုးပြုနိုင်တဲ့အနေအထား ဖြစ်ပါတယ်။

အဲသို့သော်ငြားလည်း ပလပ်စတစ်ရဲ့အကျိုးအပြစ်ကိုပြန်ကြည့်မယ်ဆိုရင် ပလပ်စတစ်က ဒီကနေ့ သုံးစွဲသူများပြားလာတဲ့အတွက်ကြောင့် နေရာဒေသအနှံ့အပြားမှာလည်း ပလပ်စတစ်ရဲ့ အညစ်အကြေးစွန့်တဲ့ အဆင့်ထိအောင် ဒုက္ခတွေပေးတဲ့အနေအထားလည်း ရှိပါတယ်။ ဒါလည်း ကျွန်တော်ပြောမယ်ဆိုရင်တော့ နိုင်ငံတော်အစိုးရတစ်ခုတည်းနဲ့လည်း မရပါဘူး။ တစ်ဦး တစ်ယောက်တည်းနဲ့လည်း လုပ်လို့မရပါဘူး။ နိုင်ငံတော်အစိုးရက အသိပညာပေးပြီးတော့မှ ပြည်သူ တစ်ရပ်လုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ပါဝင်ဆောင်ရွက်မှသာလျှင် နှစ်ကာလကြာရှည်စွာ အသိပေးရင်းနဲ့မှ လျှော့ချသွားလို့ရမယ့်အနေအထားဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါ မဖြစ်မနေ သုံးစွဲရမယ့် ပလပ်စတစ်လုပ်ငန်းတွေ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ရှုထောင့်နဲ့ ပြန်ကြည့်မယ် ဆိုရင် လက်ရှိပကတိအခြေအနေကို ကျွန်တော် ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကျေးလက်နေ အရွယ်ရောက်တဲ့ အမျိုးသမီး၊ အမျိုးသားတိုင်းဟာ၊ ကလေးငယ်တိုင်းဟာ ဆင်းရဲနွမ်းပါးမှုဒဏ်ကြောင့် လက်ရှိ စက်ရုံအလုပ်ရုံတွေရှိတဲ့ ရန်ကုန်မြို့ကြီးလိုနေရာမျိုးမှာ စက်ရုံအလုပ်ရုံ တွေမှာ အလုပ်လုပ်ကြရ ပါတယ်။

သို့သော်ငြားလည်းလုပ်တဲ့နေရာမှာ ဘာသွားတွေ့ရလဲဆိုတော့ ကျွန်တော်တို့ အသေးစား၊ အလတ်စားပေါ့ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေတဲ့ ပလပ်စတစ်လုပ်ငန်းတွေ ရှိပါတယ်။ အဲဒီလိုလုပ်ငန်း လုပ်တဲ့နေရာမှာ ပလပ်စတစ်စက်ရုံထဲမှာ တကယ်ပုံလောင်းရတဲ့ ကလေးငယ်လေးတွေဆိုရင် သွေးသားမကင်းတဲ့ ကျွန်တော်တို့မြို့က တစ်လတစ်ခါလောက်ကို ကျန်းမာရေးပြန်စစ်ရပါတယ်။

ပြန်ပြီးတော့ လာပြီးတော့ ကုသရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီပလပ်စတစ်ကို အရည်ကြိုပြီး ပုံလောင်းတဲ့အခါမှာ အညှော်နံ့ဟာ တခြားစက်ရုံအလုပ်ရုံများရဲ့ အညှော်နံ့နဲ့မတူဘူး။ နောက်တစ်ချက်က ကျန်းမာရေးထိခိုက်မှုအပိုင်းမှာလည်း မတူပါဘူး။ တကယ်ကို ပေါ့လေ ခံစားရတာတွေ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်ငန်းတွေကိုလုပ်တဲ့နေရာမှာ ရေရှည်လုပ်ငန်းတွေလည်း အောင်မြင်အောင် ပြည်သူတစ်ရပ်လုံးလည်း ကျန်းမာရေးမထိခိုက်အောင် ဒါတွေကိုလည်း စက်ရုံအလုပ်ရုံတွေကို ပညာပေးပြီးတော့မှ ကျွန်တော်တို့ ဒါထိန်းသိမ်းသွားသင့်တယ်လို့ ဒီလိုပဲ ကျွန်တော် သုံးသပ်မိပါတယ်။

နောက်တစ်ချက် ဒီပလပ်စတစ်ကို အလွယ်တကူ သောက်သုံးရေသုံးခြင်းအားဖြင့် ကျွန်တော်တို့ ဘာဖြစ်လဲဆိုတော့ ဒီပလပ်စတစ်က ပါလာမယ့် ဓာတုပစ္စည်းအနေနဲ့ ပြောမယ်ဆိုရင် လူတွေရဲ့ ဟိုမုန်းဓာတ်တွေလျော့ကျမယ်။ နောက်တစ်ချက် က သားပျက်၊ သားလျှောအဆင့်ထိပါ ဖြစ်လာနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ အသိပညာ ပေးပြီးတော့မှ ဆောင်ရွက်သွားသင့်တယ်လို့ ထပ်ပြီးတော့ ကျွန်တော် တင်ပြလိုပါတယ်။ နောက်တစ်ချက် က ပလပ်စတစ်ကို သုံးစွဲတာများလာလေလေ၊ စိတ်ပါဝင်စားမှုများလာ လေလေ၊ သတိပြုမှုနည်း လာလေလေ ဖြစ်လာမှာဖြစ်ပါတယ်။ သတိပြုမိတာကတော့ ကျွန်တော်တို့လက်ရှိ ကမ္ဘာ့အသီးသီးမှာ တွေ့ရသလောက်၊ လေ့လာမိတာကတော့ ဆန်မှာတောင်မှ ပလပ်စတစ်နဲ့ အစားထိုးပြီး ဝင်လာတာတွေ လုပ်မယ့်အနေအထားတွေ တွေ့လာတဲ့အတွက်ကြောင့် ဒါကိုလည်း ကျွန်တော်တို့ သတိပြုသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင်က လက်ရှိ ပကတိအခြေအနေရော၊ လာမယ့်အနာဂတ်အတွက်ပါ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက သတိထားသင့်တယ် ဆိုတဲ့ ဒါ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တို့ကို ထိန်းသိမ်းလျှော့ချဖို့ကို မီးမောင်းထိုးပြခဲ့တဲ့ အတွက်ကြောင့် အဆိုရှင်ရဲ့အဆိုသည် သင့်တော်လျော်ကန် ပါတယ် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ ရေလိုအေးလို့ ပန်းလိုမွှေးကြပါစေလို့ ကျွန်မက မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မလည်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) က ဦးစောမော်ထွန်းရဲ့ ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်များ ထိန်းသိမ်းရေးတို့ အတွက် ပလပ်စတစ် သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်မက ထောက်ခံပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ အဆိုရှိပါတယ်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး၊ နောက်တစ်ခါ တန်ဆေး၊လွန်ဘေးဆိုပြီးတော့ အဆိုတွေရှိပါတယ်။ အဲဒီတော့ ဒီအမှိုက်တွေနဲ့ပတ်သက်လို့ ပလပ်စတစ်နဲ့ပတ်သက်လို့ နောက်ကျန်တဲ့ အထွေထွေသော အမှိုက်တွေနဲ့ပတ်သက်လို့ ကျွန်မတို့ ဆိုးကျိုးတွေရှိသလို သူတို့ထဲက အဆိုးထဲက အကောင်းတွေကို ရှာဖွေပြီးတော့မှ လူသားတွေကို ကောင်းကျိုးပြုမယ့် ကျွန်မတို့ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်တဲ့ဟာတွေကို ဆောင်ရွက်လို့ရတာတွေလည်းရှိပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်မတို့ ဒီအဆိုရှင်ကနေ ပြီးတဲ့အခါကျတော့မှ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ (ဂ)နဲ့(ဃ)မှာ ပါတဲ့ အဆိုတွေကို သူက အကောင်အထည်ဖော်သွားတယ်လို့ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ တင်ပြတောင်းဆို ထားတယ်လို့ ကျွန်မတော့ အဲလိုမြင်ပါတယ်။

အဲဒါဘာလဲဆိုတော့ ကျွန်မတို့ ပြည်သူလူထုရဲ့အေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေး ဆိုတဲ့အခါကျတော့ ကျွန်မတို့က သဘောတရား၊ ဥပဒေတို့၊နည်းဥပဒေတို့၊ ညွှန်ကြားချက်တို့၊ အမိန့်တို့ စသည်ဖြင့် လိုက်နာရန်တွေကို ထုတ်ပြန်လိုက်တဲ့အခါမှာ တကယ်လေးစား လိုက်နာရမယ့် ပြည်သူလူထု ကလည်း တကယ်လက်တွေ့မှာ လေးစားလိုက်နာမှ အကောင်အထည်ဖော်မှသာလျှင် ဒီသဘောတရား တစ်ခုဟာ လက်တွေ့၊ သဘောတရားနဲ့လက်တွေ့ တစ်ထပ်တည်းကျပြီးတော့ အကောင်အထည်ပေါ် လာမှာ၊ အကျိုးပြုမှာဖြစ်ပါတယ်။ အခု ဒီကိုယ်စားလှယ်တော်ကြီးက သူက လူသားအကျိုးပြု၊ ပတ်ဝန်းကျင် အကျိုးပြု အကုန် သက်ရှိ၊ သက်မဲ့ အားလုံးကို အကျိုးပြုမယ့် အကြံဉာဏ်ကို သူကတင်ပြပြီးတော့ ဒီပလပ်စတစ်ရဲ့ လာရာ၊ လာရာ ကိုလည်း သူကရှင်းပြထားတာဖြစ်ပါတယ်။ သူ့ထဲမှာ အဲဒါဘာလဲဆိုတော့ ပလတ်စတစ်ဆိုတာ ဆိုပြီးတဲ့ အခါကျတော့မှ ပလတ်စတစ်က ရေနံကနေပြီးတော့ ပြိုကွဲထွက်လာတဲ့ ဓာတုပစ္စည်းနဲ့ထုတ်လုပ်တဲ့ Organic ပစ္စည်းဖြစ်တယ်လို့ သူက အဲဒီလိုပြောထားပါတယ်။ ပြောပြီးတော့

အဲဒီပလပ်စတစ်များဟာ အမည်မဖော်ပြထားသော အခြားဓာတုပစ္စည်းများစွာ ပါဝင်ပြီး ထိုအရာများသည် လူနဲ့တကွ တိရစ္ဆာန်များကိုပါ အဆိပ်ဖြစ်စေသည်၊ လေ့လာချက်များအရ ပလပ်စတစ်တွင်ပါဝင်သော အဆိပ် အချို့သည် ခန္ဓာကိုယ်တွင်းသို့ တစ်နည်းနည်းဖြင့်ဝင်ရောက်လာနိုင်ပြီး ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်လို့ သူကအဲဒါ လူတွေရဲ့ ကိုယ်ခန္ဓာနဲ့ ကျန်းမာရေးကို ထိခိုက်နိုင်တာတွေကို ဖော်ပြထားတာဖြစ်သလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ထိခိုက်တဲ့ဟာတွေကိုလည်း သူက ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလို ဆိုးကျိုးတွေရှိတဲ့ အတွက်ကြောင့်မိုလို့ ဒီပလပ်စတစ်ကိုလျှော့ချဖို့ ပလပ်စတစ်ကို သုံးစွဲတဲ့အခါမှာ နဂိုကထက် လျှော့ပြီးသုံးဖို့ နောက်တစ်ခါ ကင်းစင်ဖို့၊ နောက် ဒီအန္တရာယ်တွေကို ရှောင်ရှားနိုင်ဖို့ ပြည်သူကို တောင်းဆိုထားတာဖြစ်သလို သူက နိုင်ငံတော်ကိုလည်း တင်ပြထားပါတယ်။

နောက်ဆုံးမှာ အဆိုရှင်က နိုင်ငံတော်ကို ဘာတွေကို တင်ပြထားသလဲဆိုတဲ့အခါ နိုင်ငံတော်ကနေ ပြီးတော့မှ ဒါအစိုးရအနေဖြင့် သုံးပြီးသားပလပ်စတစ်များကို ပြန်လည်သိမ်းဆည်းပြီး ပြန်လည်အသုံးပြုနိုင်ရေးအတွက် စီမံချက်ချ ဆောင်ရွက်သင့်ပါသည်လို့ သူကပြောထားပါတယ်။ နောက်တစ်ခါ ပြည်လည်အသုံးပြု၍ရသည့် ပလပ်စတစ်များကိုသာ အသုံးပြုခွင့်ပေးရန်လို့ အဲဒီလို တောင်းဆိုထားပါတယ်။ နောက်တစ်ခါ နောက်ဆုံးကတော့ ဥပဒေအချို့လည်း ထုတ်ပြန်သင့်ပါတယ်လို့ အဲလိုပြောပါတယ်။ အဲဒီတော့ စောစောကကျွန်မပြောသွားတဲ့ ပုဒ်မ ၂၁(က)မှာတော့ ပြည်သူလူထုအတွက် လိုအပ်တဲ့ တားမြစ်တာတွေ၊ ဆောင်ရွက်တာတွေ၊ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ စသည်ဖြင့် ပြတ်ပြတ်သားသား ဖြစ်အောင် လိုအပ်တဲ့ဥပဒေ၊ လိုအပ်လာတယ်ဆိုလို့ရှိရင် ဥပဒေပြဋ္ဌာန်း ပေးပါဆိုပြီးတော့ သူက ခွင့်ပြု ထားတဲ့ဟာ၊ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အဲဒီတော့ ဒီအဆိုရှင်ဟာ ဒါ ကိုပြောထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မက ဒီပလပ်စတစ်နဲ့ပတ်သက်လို့ ဆိုးကျိုးကတော့ အကုန်လုံးက အသီးအသီး ပြောသွားကြ တယ်။

နောက်ပြီးတော့ အဆိုရှင်ကိုယ်၌ကလည်း ပြောသွားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မက ဒီပလပ်စတစ်နဲ့ကျန်တဲ့ စွန့်ပစ်အမှိုက်တွေကနေပြီးတော့ လူသားအကျိုးပြု၊ နောက်တစ်ခါ ကျတော့ ကျန်တဲ့ဆိုးကျိုးတွေကိုပါ နည်းနည်းပယ်ဖျက်ပေးနိုင်တာလေးတစ်ခုကို ကျွန်မ ဒါကို ဗဟုသုတအနေနဲ့ ကျွန်မဒီမှာ ဆွေးနွေးပြီးတော့ တင်ပြလိုပါတယ်။ အဲဒါကတော့ ကျွန်မတို့ ပညာရှင်တစ်ဦးရဲ့ သုတေသနပြုချက်ပါ။ အဲဒီဟာကတော့ ဒီနေပြည်တော် ဇေယျာသီရိမြို့နယ်၊ ရွှေပေးကျေးရွာ အဲဒီမှာသူက ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ သူက တည်လိုက်တယ်။ အဲဒီအကြောင်းလေးကို သူက ဖော်ပြထားတာပါ။ ကျွန်မလည်း တော်တော်လေး သဘောကျတဲ့အခါကျတော့ အဲဒါလေးကို အခုမှုဝေ ပြီးတော့ ပြောပြချင်လို့ပါ။ အဲဒါဘာလဲဆိုတော့ သူက မတည်ငွေက (၃၅)သိန်း၊ ဒါကတော့ နိုင်ငံတော် အစိုးရလည်း ထောက်ပံ့တယ်။ နောက်တစ်ခါကျတော့ ထွက်တဲ့လျှပ်စစ် ဓာတ်အားပမာဏ (၁၅)ကီလိုဝပ်၊ နောက် စတင်ပြီးတော့ လည်တဲ့နေ့က ၂၀၀၅ ခုနှစ်၊ (၆)လပိုင်း (၁)ရက်နေ့ ပေါ့နော်၊ ဒီနေ့ပေါ့၊ ဇွန် (၁)ရက်နေ့ပေါ့၊ နောက်အသုံးချနိုင်တာကတော့ (၂)ပေမီးချောင်း (၂၄၃)ချောင်းနဲ့ ရုပ်မြင်သံကြား (၃၅)လုံး၊ သူက ညပိုင်းမှာ အသုံးပြုလို့ရတာ၊ အဲဒီတော့ တစ်ရက်ကို သုံးစွဲရတဲ့ သူက အဲဒီတော့ စွန့်ပစ်အမှိုက် အပြင် သူက သုံးစွဲတဲ့ဟာတွေ ဘာတွေပြောထားလဲဆိုတော့ သုံးစွဲတာသူက နွားတွေရဲ့ နွားကစွန့်လိုက်တဲ့ မစင်ပေါ့နော်။ နွားချေးပေါ့နော်။ အဲဒီဟာ(၅၀၄) ပိဿာလည်းပါတယ်။ ကျန်တာလည်း ပါတာပေါ့လေ၊ အဲဒီကျတော့ ကျွန်မဆိုလိုတာကတော့ ကျွန်မတို့ တချို့နိုင်ငံတွေမှာ ဆိုလို့ရှိရင် အမှိုက်တွေ

ပစ်တဲ့အခါမှာ သူဟာသူ အကန့်အကန့်အကန့်၊ သူ့ပုံးလေးတွေနဲ့သူ ပလပ်စတစ်နဲ့ ပတ်သက်တာကို သပ်သပ်၊ နောက် ဘီယာဘူးခွံတွေဆိုရင် ဘီယာဘူးခွံသပ်သပ် စသည်ဖြင့် ကျွန်မတို့ဆီမှာဆိုရင်လည်း ကျွန်မထင်တယ်၊ တချို့နေရာလေးတွေမှာတော့ လုပ်တာကြားဖူးတယ်။ အဲဒီတော့ စနစ်တကျနဲ့ နိုင်ငံတော်ကလည်း စနစ်တကျနဲ့ လုပ်ပေးမယ်၊ အဲဒီရတဲ့ပစ္စည်းတွေကိုလည်း သူ့အမျိုးအစားအလိုက် အသုံးပြုသွားမယ် ဆိုလို့ရှိရင် နိုင်ငံတော်မှာ အတိုင်းအတာတစ်ခုထိတော့ အဆိုးထဲက အကောင်းလေး တွေ ထွက်လာနိုင်စရာ အကြောင်းရှိပါတယ်။

အဲဒီတော့ ဒီပလပ်စတစ်အနေနဲ့က ကျွန်မတို့ ဒီသဘာဝပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေ တာဖြစ်တဲ့အပြင် လူရဲ့ကိုယ်ခန္ဓာမှာရှိတဲ့ အသွေးအသားတွေနဲ့ ကျန်တဲ့ အင်မတန်အရေးကြီးတဲ့ အကြောင်းအချက်အလက်တချို့ကိုပါ သူက ဖျက်စီးနိုင်တဲ့ ဆိုးကျိုးရှိပါတယ်။အဲဒီတော့ကာ ဘာပဲဖြစ်ဖြစ် နောက်ဆုံး နိဂုံးချုပ်လိုက်မယ်ဆိုလို့ရှိရင်ကတော့ အဆိုရှင် တောင်းဆိုထားတဲ့အတိုင်းပဲ ပြည်သူလူထု ကလည်း ကိုယ့်အတွက်အန္တရာယ်ကြီးတဲ့၊ နိုင်ငံအတွက်အန္တရာယ်ကြီးတဲ့ နောက်ကျန်းမာရေး အတွက်ရော သက်ရှိသက်မဲ့အတွက် အားလုံး အန္တရာယ်ရှိတဲ့ ဒီပလပ်စတစ်ကို သုံးစွဲတဲ့အခါမှာ အတတ်နိုင်ဆုံး လျှော့ချပြီးတော့သုံးစွဲဖို့နဲ့ နိုင်ငံတော်ကလည်း အခု အဆိုရှင်တောင်းဆိုထားတဲ့ဟာတွေကို အလေးအနက် ထားပြီးတော့ ဆောင်ရွက်ပေးစေချင်တယ်ဆိုတာ ကျွန်မတင်ပြချင်ပါတယ်။

အဲဒီမှာ နိုင်ငံတော်က ပြည်သူလူထုတွေ ဒီပလပ်စတစ်သုံးစွဲဖို့၊ လျှော့ချဖို့၊ သုံးစွဲမှု လျှော့ချဖို့ ဆိုတဲ့နေရာမှာ ကျွန်မတို့က နိုင်ငံတော်ကနေပြီး တစ်ခါတလေကျတော့ ဥပဒေနဲ့ နည်းဥပဒေနဲ့ စသည်ဖြင့် အဲဒီလိုမျိုးထုတ်ပြန်ပြီးတော့မှ လိုက်နာခိုင်းတာတွေရှိပါတယ်၊ နောက်အဲဒီလို မဟုတ်ခင်မှာ နည်းပညာပေးပြီးတော့မှ ပြည်သူလူထုတွေရဲ့ အသိစိတ်ဓာတ်မှာ ဒါဟာ တော်တော်ဆိုးတယ်၊ ငါတို့ ဒါကို ကူညီညာဝိုင်းဝန်းပြီးတော့ အကုန်လုံးပါဝင်ပြီးတော့ ဆောင်ရွက်လို့ရှိရင် ဒီဟာက အတန်အသင့် ဆိုးကျိုး တွေ သက်သာသွားမယ် ဆိုပြီးတော့မှ ပြည်သူလူထုတွေ ပါဝင်လာနိုင်အောင် အဲလို အသိပညာပေး တာတွေလည်း အဲဒါမျိုးလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်မ ရှေ့က အဆိုရှင်ကလည်း အများကြီး ဆွေးနွေး သွားတယ်။ ကျွန်မ နောက် ဆွေးနွေးမယ့်ဟာတွေကလည်း အချက်အလက် တော်တော်ပြည့်ပြည့်စုံစုံနဲ့ ဆွေးနွေးမှာဖြစ်တဲ့အတွက် ကျွန်မကတော့ အစောကပြောသလိုပဲ အားလုံးမှာတာဝန်ရှိပါတယ်။ နိုင်ငံတော်က ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ အမိန့်တွေ ပြဋ္ဌာန်းလို့ တာဝန်အရ စေတနာ၊ မေတ္တာနဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တာဖြစ်သလို တာဝန်ပိုင်းဆိုင်ရာမှာ ကျေပွန်စွာ ဆောင်ရွက်တာဖြစ်သလို ကျွန်မတို့ ပြည်သူလူထုတွေအနေနဲ့ကလည်း အခုလိုပဲ ဒီ အဆိုရှင်က မေတ္တာ ရပ်ခံထားသလို အဆိုရှင် တင်ပြခဲ့သလို ဆိုးကျိုးတွေကို နည်းနည်းစဉ်းစားပြီးတော့ လိုအပ်တဲ့ ထိန်းချုပ်မှု တွေပေါ့နော်။ ပလပ်စတစ်အစား အရင်တုန်းကတော့ ကျွန်မတို့ရှေးတုန်းကတော့ ချိုင့်ကလေးတွေနဲ့ သွားပြီးတော့ လက်ဘက်ရည်ကို သွားဝယ်တာတို့၊ ဘာတို့၊ တချို့ဟို အညာမှာ အဲဒါမျိုးလေးတွေရှိတယ်။ ပလတ်စတစ်အစား ဈေးသွားလို့ရှိရင် ကိုယ်ထည့်စရာ ပြုစရာအဲဒါမျိုးလေးတွေနဲ့သွားလို့လည်းရတယ်။ တခြား ပစ္စည်းတွေနဲ့ သုံးလို့လည်းရတယ်။

အဲဒီတော့ နိုင်ငံတော်အနေနဲ့ကလည်း ဒါကို အလေးအနက်ထားပြီးတော့ ဒီအစား ဘယ်လို လုပ်ရင်ကောင်းမလဲဆိုတာ ပထမဆုံးစပြီးတော့မှ ဒီအတိုင်းကြီးမသုံးနဲ့ဆိုလို့ကတော့ မရဘူး။ မသုံးနဲ့ ဆိုရင် အဲဒီနေရာမှာ ဘာကို အစားထိုးပြီးသုံးမလဲဆိုတဲ့ ဖြေလျှော့မှုလေးတွေပေါ့၊ အဲလိုစဉ်းစား ပြီးတဲ့အခါ

ကျတော့မှ ဒီအဆိုရှင်ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအပေါ်မှာ မေတ္တာရပ်ခံထားတဲ့ပေးထားတဲ့ Message တွေကို အလေးအနက်ထားပြီးတော့ ဆောင်ရွက်ပေးဖို့ ကျွန်မအလေးအနက် ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၉။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်လူကြီးများအားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးက မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ပလပ်စတစ်နဲ့တော်တော်များများကို ပြောပြီးကြပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း မေးခွန်းထုတ်ခဲ့ပါတယ်၊ အဲဒီတော့ ဝန်ကြီးဌာနကလည်း ဖြေပြီးသွားပါပြီ။ သူတို့ဆောင်ရွက်နေပါတယ်ဆိုတဲ့ ဥစ္စာကို သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ ဒီဥစ္စာကို ပိုပြီးတော့မှ အားစိုက် ခွန်စိုက်၊ ဂရုတစိုက်နဲ့ လုပ်စေချင် တဲ့စေတနာကြောင့် ကျွန်တော် Power Point နဲ့လည်းပြပါမယ်။ ကျွန်တော်တို့ ဘယ်လိုများ အနေအထားရှိ တယ် ဆိုတာကို နောက်တစ်ခု ကျွန်တော်တို့ရဲ့ အမူအကျင့်လေးတွေကို ကျွန်တော်တို့ ပြုပြင်ဖို့ ကျွန်တော်တို့ နိုင်ငံတကာစံချိန်မီ၊ နိုင်ငံသားကြီးတွေပြုတဲ့ လိုက်နာတဲ့အမူအကျင့်နဲ့လုပ်ဖို့ အဲဒါတော့ အမှိုက်စွန့်ပစ်တဲ့စနစ်ကို ကျွန်တော်တို့ ငယ်ငယ်ကတည်းကစပြီးတော့ ကျောင်းတွေမှာ ကလေးတွေကို သင်သွားလို့ရှိရင် တစ်ဖက်တစ်လမ်းက ကျွန်တော်တို့ ထိန်းသိမ်းရာရောက်မယ်ဆိုတဲ့ ဒီစေတနာလေးတွေနဲ့ ကျွန်တော် ဦးစောမော်ထွန်း ရဲ့ ပလပ်စတစ်သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေး အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိပါဝင်ရေး ဆိုတဲ့ဥစ္စာကို ကျွန်တော်ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်လောက်များ ဆိုးရွားလဲဆိုရင် တစ်နေ့က ကျွန်တော် စည်ပင်အဆောင်မှာ နွားနို့ မှာသောက်ပါတယ်။ နွားနို့တစ်ပုလင်းမှာပြီးတော့ ကျိုလိုက်တယ်၊ ကိုယ့်ဟာကိုယ် အခန်းထဲမှာ ကျိုတယ်။ ကျိုပြီးတော့ သောက်လိုက်တဲ့အခါကျတော့ ပါးစပ်ထဲမှာ တစ်ခုခု သွားတွေ့ ပါတယ်။ သွားတွေ့တော့ အဲဒါလေးကို ဆွဲထုတ်လိုက်တဲ့အခါကျတော့ ပလပ်စတစ်ဖတ်လေး ဖြစ်နေတယ်။ ကျွန်တော် တုန်လှုပ်သွားတယ်။ ကျွန်တော် ဆွေးနွေးတာတောင် သိပ်မကြာသေးဘူး၊ အဲဒီအချိန်မှာ နွားနို့သောက်တဲ့အခါ ပလပ်စတစ်ဖတ်က ပါနေတယ်။ ဟာ ငါ့ပဲ လာထိနေပါလား ဆိုပြီးတော့ ဒီဟာကြီးက ကျွန်တော်တို့ အဲဒီလောက်ထိကို အဲလိုအချိန်အခါမျိုးဖြစ်နေပါတယ်။ အဲဒီတော့ ဒီ ဥစ္စာမှာ ကျွန်တော်တို့ ပလပ်စတစ်ကို အန္တရာယ်လည်းသိပြီ။ ကျွန်တော်တို့လက်ခံကြတယ်။ အကုန်လုံးက ဒါ Reduce လုပ်မယ်။ လျှော့မယ်။ နောက်ပြီးတော့ အစားထိုးမယ်၊ အစားထိုးပြီးတော့မှ ကျွန်တော်တို့ Recycle လုပ်မယ်ဆိုတဲ့အခါ ဒီဟာ လုပ်သွားတာတော့ မှန်ပါတယ်။ လုပ်မှာပါပဲ။ ကျွန်တော်တို့ ဆောင်ရွက်နေကြတယ်။

သို့သော်လည်း ကျွန်တော်တို့ ဒီဟာတွေကို အမှိုက်သိမ်းစနစ်ကနေ ကျွန်တော်တို့ စနစ်တကျ လုပ်ဖို့လိုပါတယ်၊ အမှိုက်သိမ်းတဲ့အခါမှာ အိမ်ကထွက်တဲ့ အမှိုက်ကလည်း အိမ်ရှင်မတွေကအစ ကျွန်တော်တို့ ပလပ်စတစ်သုံးတဲ့အချိန်အခါမှာ ကျွန်တော်ကိုယ်တိုင်ပဲ အိမ်မှာ ပလပ်စတစ် သပ်သပ် စုထားတယ်။ ဈေးကပြန်လာလို့ရှိရင် ပလတ်စတစ်ကို အကုန်လုံး ထည့်ထည့်၊ ထည့်ထည့် ဒီမှာထည့်၊ အိတ်ကလေးတစ်လုံးနဲ့ သပ်သပ်ထားတယ်။ ထားပြီးတော့မှ ဒီဟာကို ပလတ်စတစ်အိတ်ထည့်တဲ့ သပ်သပ်နဲ့ သွားပြီးတော့ အမှိုက်ပုံးမှာ စွန့်ပစ်တယ်။ ပုလင်းဆိုပုလင်း၊ စက္ကူဆိုစက္ကူ သပ်သပ်စီ၊ အဲလို လုပ်တဲ့အခါကျတော့ ကျွန်တော်တို့ ကျွန်တော်ထင်ပါတယ်၊ နိုင်ငံတော်မှာက ဒီလိုမျိုးမရှိသေးဘူး၊ နိုင်ငံခြားမှာတော့ရှိတယ်။ သူတို့ ပုလင်းထည့်ရင် ပုလင်းထည့်တဲ့ ပုံးသပ်သပ်ရှိတယ်၊ သူတို့က သိမ်းကတည်းကိုက သူတို့က ဒီဟာ မရောတော့ဘူး၊ အစားအသောက်ဆို အစားအသောက်၊ အဖတ်ကသပ်သပ်ဆိုတော့ ကျွန်တော်တို့ဆီမှာ တစ်ခါတလေ အားသာချက်ရှိတယ်၊ ကျွန်တော်နယ်မှာ နေတုန်းကဆိုလို့ရှိရင် ဝက်မွေးတဲ့လူတွေက စားဖတ်တွေလာသိမ်းပါတယ်။ အိမ်တွေမှာ စွန့်ပစ်ထားတဲ့ ဥစ္စာတွေ၊ ထမင်းကျန်၊ ဟင်းကျန်များ အစားအသောက်အကုန်လုံး၊ လာသိမ်းတဲ့အခါကျတော့ သူတို့အတွက်လည်း ဒါအကျိုးပြုတယ်။ တစ်နည်းအားဖြင့်လည်း အမှိုက်ကသပ်သပ်၊ ဟိုဒင်းလုပ်စရာ မလိုတော့ဘူး။ ဝက်စာတို့ ဘာတို့ သူတို့ကျွေးပစ်လိုက်တယ်။ သူတို့အတွက်လည်း ဒါ အကျိုးရှိတယ်။

အဲလိုပဲ ကျွန်တော်က အမှိုက်ကို စွန့်တဲ့နေရာမှာ စနစ်တကျ ဘယ်လိုစွန့်ကြမလဲဆိုတဲ့ဥစ္စာကို ကျွန်တော်မီးမောင်းထိုးပြချင်တာပါ၊ အဲဒီတော့ စွန့်ကတည်းကိုက သပ်သပ်စီစွန့်ပစ်သွားမယ်၊ စနစ်တကျ စွန့်မယ်၊ ကလေးတွေက အစ ဒီဟာကို တွေ့ကရာနေရာမှာမပစ်ဘူး။ ဒီပလပ်စတစ်အိတ်တွေကို၊ ဆိုလို့ ရှိရင် ဒါ တစ်ပိုင်တစ်နိုင်ဟာ ကျွန်တော်တို့သိမ်းတဲ့နေရာမှာ လွယ်ကူသွားမယ်။ ကျွန်တော် မေးကြည့် ပါတယ်။ ကျွန်တော်တို့နယ်မှာလည်းပဲ ကျွန်တော်တို့ မဲဆန္ဒနယ်မှာ ခင်ဗျားတို့ ဒီဟာကို ဘာလို့ မသိမ်း တာလဲ။ ဘတ်ဂျက်လိုတယ်တဲ့ ကျွန်တော်တို့ ပိုက်ဆံမရှိဘူးတဲ့၊ ကျွန်တော်တို့မှာ လူလဲမရှိဘူးတဲ့၊ ဒီဥစ္စာတော့ သိမ်းတယ်ပေါ့၊ ဘတ်ဂျက်တစ်ခုတည်းပဲ ကြည့်မနေပါနဲ့၊ ဒီမှာကြည့်ပါ၊ ကျွန်တော်တို့ စားသောက်ဆိုင်လေးတစ်ခုပါပဲ၊ လမ်းထောင့်လေးက အဲဒီမှာ သူတို့မနိုင်ဘူးပေါ့၊ သိမ်းတာ၊ ဆိုင်က တတ်နိုင်သမျှတော့ ကောက်တယ်ပေါ့လေ၊ လာတဲ့လူက ချပစ်ခဲ့တာပဲ၊ ခုံအောက်မှာ၊ အခုစား၊ အခုချပစ်လိုက် အောက်မှာ၊ တစ်ခါတည်း ဘတ်ကနဲ၊ ဘတ်ကနဲ၊ အဲလိုဖြစ်နေတာ၊ ဒီဟာ အလေ့အကျင့် တစ်ခုပဲ၊ မကောင်းတဲ့ အလေ့အကျင့်တစ်ခု၊ ရထားလမ်းမှာတွေ့တယ် ကျွန်တော်တို့၊ ဒါသိပ်မဝေးဘူး၊ ကျွန်တော်နေတဲ့နေရာနဲ့ ဆိုတော့ နေတိုင်းမြင်တွေ့နေရတယ်။

ဒီထက်ရှိပါသေးတယ်၊ ဆက်ပြပါ၊ ကျေးဇူးပြုပြီးတော့ ဒါက လမ်းထဲမှာ၊ မြောင်းထဲမှာ ရှိပါသေးတယ်။ ဒါက အမှိုက်ပုံး ထားတဲ့နေရာပါ။ အမှိုက်ပုံးထားတဲ့နေရာမှာ အမှိုက်ပုံးမှာ မနိုင်တော့ဘူး။ သူတို့ဒီလိုပဲ ထားပစ်ခဲ့ကြတယ်။ ခွေးတွေကဆွဲ၊ ကျီးကန်းတွေကဆွဲပြီးတော့ ရပ်ကွက်ထဲမှာ အကုန်လုံး ပြန့်နှံ့ပြီးတော့ ရောက်ကုန်ရော၊ ကျွန်တော့်အိမ်ထဲလည်း ရောက်တယ်။ အဲဒီပလပ်စတစ်တွေ၊ ဈေးဝယ် ရင်းနဲ့ ကျကျန်ခဲ့တာ၊ မုန့်ဟင်းခါး ဝယ်ရင်းနဲ့ ဖိတ်ကျကျန်ခဲ့တာ။ အဲလိုပဲ လူမနေတဲ့ အိမ်ရှေ့မှာ သွားသွားပစ်ကြတယ်။ မြောင်းထဲမှာ ဒါက အလွယ်တကူ ပစ်ပါတယ်။ မြောင်းထဲမှာတော့ ဘယ်သူမဆို၊ တစ်ခါတလေ အထုပ်လိုက် ရေစီးတဲ့ အခါကျတော့ ရေကမစီးနိုင်တော့ဘူး။ ဒီမှာ ဂျမ်းဖြစ်ပြီးတော့ ကွမ်းစားတယ်၊ ကွမ်းထုပ်တဲ့အထုပ်ကလေးတွေ အများကြီးတွေ့ရတယ်။ ကွမ်းထုပ်တဲ့ အထုပ်ကလေး တွေက အချိုရည်ပုလင်း တွေ၊ ဒါက တချို့တစ်ဝက်သော နမူနာလေးပဲဖြစ်ပါတယ်။

ဆက်ပါခင်ဗျ။ ဆက်ပြပါ၊ ဒါက မြောင်းထဲမှာ ချောင်းကလေးပေါ့၊ ရွံ့စရာသိပ်ကောင်းတယ်။ ချောင်းကလေးက အဲဒီမှာ ကလေးတွေဆင်းပြီးတော့ ရေကူးတယ်။ ငါးဖမ်းကြတယ်။ ဒါဈေးထဲမှာပါ ၊ ဈေးထဲမှာ ခွေးတွေသွားတယ်။ နွားတွေသွားတယ်။ အဲဒီထဲမှာ အမှိုက်တွေတစ်ပုံကြီး၊ ရေသန့်ပုံးတွေ တွေ့မှာပါ။ ရေသန့်ပုံးတွေအောက်မှာ၊ အဲဒီထဲက သောက်တယ်၊ ကလေးတွေကသွားပြီးတော့၊ ဒါက နေ့တိုင်းလုပ်နေကြတာ၊ ကျွန်တော်တို့ အကြော်ဝယ်မယ်၊ ဘာညာဝယ်မယ်ဆိုတော့ ထည့်ပေးလိုက်တယ်၊ အိတ်ကလေးတွေနဲ့၊ ပူလောင်တဲ့အစားအသောက်တွေ အဲဒီထဲက ဓာတ်ပြုတယ်။ အဲဒီဥစ္စာတွေက အိမ်က လူကတော့ အားရပါးရစားတာပေါ့လေ၊ ဝယ်လာတဲ့အခါကျတော့ အကြော်ကောင်းလိုက်တာပေါ့၊ ဆက်ပြပါ၊ အများကြီးပါ ကျွန်တော်တို့ သုံးနေတာ၊ ကျွန်တော်တို့ အလွန်အကျွံသုံးနေတဲ့ ပလပ်စတစ်ကို မသုံးရဘူးလို့မပြောဘူး။ ကျွန်တော်တို့ ဒီစက်ရုံကိုလည်း ပိတ်ပစ်ရမယ်လို့ မပြောလိုပါဘူး။ သို့သော်လည်းပဲ သုံးတဲ့နေရာမှာ စည်းနဲ့ကမ်းနဲ့သုံးဖို့ စွန့်ပစ်တဲ့နေရာမှာ စည်းနဲ့ကမ်းနဲ့စွန့်ပစ်ဖို့၊ အဲဒီ့အသိတရားလေးဝင်သွားလို့ရှိရင် ဒီပြဿနာဖြေရှင်းရတာ တော်တော့်ကိုလွယ်ကူသွားမယ်၊ နိုင်ငံတော်အတွက် တာဝန်တွေတော်တော် လေးပေါ့သွားမယ်၊ ဘတ်ဂျက်လဲ သိပ်မလိုပါဘူးခင်ဗျာ။

ဒီဥစ္စာ Awareness ကို ပေးစေချင်တယ်၊ ကျွန်တော်က တလောကပဲ သိပ်မကြာသေးဘူး။ ပုဂံမှာ ဧည့်လမ်းညွှန်တွေက အမှိုက်သိမ်းတယ်။ ပလပ်စတစ်ကောက်ကြတယ်၊ Campaign လုပ်ပါတယ်၊ သူတို့ အဲဒါမျိုးအားပေးရမယ်၊ ကျွန်တော်တို့ မြို့တွေအနေနဲ့ ဘယ်မြို့က အသန့်ရှင်းဆုံးလဲ၊ ငါတို့မြို့က ထင်းရှူးမြို့တော်၊ ငါတို့မြို့က ဧရပ်ကောင်းမြို့တော် ဆိုတဲ့ ကြွေးကြော်သံနဲ့ ကြွေးကြော်ဖို့ အတူတူ၊ အဲလိုပဲ ပလပ်စတစ်မရှိတဲ့ မြို့၊ ငါတို့မြို့က သန့်ရှင်းတဲ့မြို့ဆိုတဲ့ဟာမျိုးကို အစိုးရကလည်း Insinuate တွေပေးပြီးတော့ ဆုပေး၊ ဒဏ်ပေး၊ ညစ်ပတ်တဲ့မြို့တွေကို တင်ပြပါ၊ ဘယ်လောက် ညစ်ပတ်နေလဲ ဒီမြို့ကဆိုပြီးတော့ သူတို့ အရှက်ကွဲခံနိုင်မလား။ ကျွန်တော်တို့ အဲသလို မက်လုံးလေးနဲ့ ဆုပေး၊ ဒဏ်ပေး လုပ်လိုက်လို့ ရှိရင်လည်း တစ်ဖက်တစ်လမ်းက ကျွန်တော်တို့ဒီဟာကို ထိန်းသိမ်းရာ ရောက်ပါမယ်လို့ ကျွန်တော်ယူဆ ပါတယ်။

စည်ပင်ရဲ့စွမ်းဆောင်မှုကတော့ ကြိုးစားနေတာကို ကျွန်တော်တို့ ယုံကြည်ပါတယ်၊ ရန်ကုန်မြို့မှာဆိုလို့ရှိရင် ပုဂ္ဂလိကကို ပေးတော့မယ်လို့ကြားပါတယ်၊ ဒီဥစ္စာကို သူတို့ လမ်းကြောင်း မှာတော့ ရောက်နေပြီ၊ မြန်မြန်ဆန်ဆန်နဲ့ ဒီဟာကို လုပ်လို့ရှိရင် နိုင်ငံတော်အကျိုးပြုမယ်လို့ ယုံကြည်ပါတယ်။ အစိုးရပိုင်းရဲ့ တာဝန်ပိနေတဲ့ဟာကို ဒီဥစ္စာကတော့ ပလပ်စတစ်တွေက နေပူထဲမှာ ထားတာပါ၊ ရေသန့် ရောင်းတဲ့ ကိုယ်စားလှယ်တွေ၊ လိုက်ပြီးတော့ ပို့တဲ့အခါကျတော့ နေပူထဲမှာ အကြာကြီးထားတော့ အဲဒီမှာ ဓာတ်ပြု၊ အဲဒီရေကိုသောက်ဖို့ဟာ ကျွန်တော်တို့ အိမ်မှာပြောနေတာ ငါမသောက်ဘူး ဒီရေကိုလို့၊ ဒီလိုကြီးထားတဲ့ဟာကို၊ အဲဒီတော့ အစိုးရမှာ ပိနေတဲ့တာဝန်တွေကို ကျွန်တော်တို့ လူမှုအဖွဲ့အစည်းတွေက ဝင်ပြီးတော့ လုပ်ကြလို့ရှိရင် ဒါ ကျွန်တော်မြို့မှာ ပါပဲ ဖြစ်နေတာ။

မြစ်ကမ်းနံဘေးမှာ၊ မိုးရွာလို့ရှိရင် အကုန်လုံးမြစ်ထဲကို ဆင်းသွားမယ်၊ လှပတဲ့နေရာလေး တစ်ခုဟာ ညစ်ပတ်ပြီးတော့ ကျက်သရေယုတ်နေတာ အဲဒါလေးကို တွေ့မြင်ရပါမယ်။ အစိုးရမဟုတ်တဲ့ လူ့အဖွဲ့အစည်းဟာ ကွန်ရက်တွေအများကြီးပေါ်နေတယ်။ အဲဒီကွန်ရက်တွေက တစ်ခုခုဆို ဝုန်းဝုန်းဆို ထပြီးလုပ်ဖို့ အဲလိုမျိုးဖြစ်နေတာ။ ကျွန်တော်တို့ နိုင်ငံကို ပြုပြင်ဖို့ ဘက်ကနေပြီးတော့ တစ်ဖက်တစ်လမ်းက ဘာလို့မလုပ်နိုင်ကြတာလဲဆိုတာကို အားမရရင်းနဲ့ ကျွန်တော် ဒီအဆိုကို ထောက်ခံ

ဆွေးနွေးခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ဒါကြောင့်မိုလို့ ဦးစောမော်ထွန်း ရဲ့ ပြည်သူများ၏ကျန်းမာရေး၊ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်များထိန်းသိမ်းရေးအတွက် ပလပ်စတစ် သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေး အတွက် ပြည်သူတစ်ရပ်လုံးအသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလို ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပလတ်စတစ်နဲ့ပတ်သက်လို့ မေးခွန်းမေးတုန်းက အားရပါးရမေးတဲ့အတွက် နွားနို့ထဲမှာ ပလပ်စတစ် နည်းနည်းပါတယ်။ ဒါ ဥက္ကဋ္ဌ ထိန်းလိုက်လို့ မထိန်းလိုက်ရင် အိတ်လိုက် ပါသွားမယ်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်းရဲ့ အဆိုအား ပြန်လည် ရှင်းလင်းဖြေကြားခွင့်ပြုပါရန် တစ်ပါတည်းတင်ပြအပ်ပါတယ်။

အဆိုရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးနှင့်တကွ ဆွေးနွေးသွားကြတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ဖြေကြားချက်များအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့ရဲ့ ဖြေကြားချက်များကိုပါ တစ်ပါတည်း ကျွန်တော်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ပြည်သူများရဲ့ ကျန်းမာရေး၊ ပတ်ဝန်းကျင်ရဲ့ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလပ်စတစ်သုံးစွဲမှု လျှော့ချရေး၊ ကင်းစင်ရေး တို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိပါဝင်စေရန် ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်စတဲ့ မီဒီယာ များက ကြွပ်ကြွပ်အိတ်၊ ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ၊ အသိပညာပေး ဇာတ်လမ်းများ၊ အစီအစဉ်များ၊ ဆောင်းပါးများ၊ ထုတ်လွှင့်ပြသနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းဆောင်ရွက် ခြင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်း၍ အမှိုက်ကောက်ပွဲများ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုများ၊ ဟောပြောပွဲများ ကျင်းပခြင်း တို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခြား တစ်ဖက်မှာလည်း ထုတ်လုပ်မှုအား လျှော့ချကန့်သတ် ခြင်းဖြစ်တဲ့ Phase-out ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၊ လုပ်ငန်း ရှင်များ၊ ပြည်သူများနဲ့ ညှိနှိုင်းခြင်း၊ စည်းရုံးပညာပေးရေး လုပ်ငန်းများမှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းအပ်ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့လည်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရေးနဲ့ ပြည်သူ့ကျန်းမာရေးအတွက် အန္တရာယ်တစ်ခုဖြစ်တဲ့ ပလပ်စတစ်အိတ် သုံးစွဲမှုကို ဟန့်တားနိုင်ရန်အတွက် ရေ၊ မိလ္လာ၊ အမှိုက်သန့်ရှင်းရေးအတွက် ပညာပေးခြင်းလုပ်ငန်းများကို ကျေးလက် ဒေသ အောက်ခြေအထိ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပလပ်စတစ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါများအပြင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို နှောင့်ယှက်ဖျက်ဆီးတဲ့ စွန့်ပစ်မှုများကိုပါ ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပလပ်စတစ်ထုပ်ပိုးအသုံးပြုသူများ၊ အရောင်းဆိုင်များ၊ သဘာဝပတ်ဝန်းကျင်နဲ့ သင့်လျော်သော နည်းပညာများနဲ့ ထုတ်လုပ်ထားတဲ့ အိတ်များအားအသုံးပြုရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနဲ့ တားဆီးအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ ဆက်စပ်ဌာနများနဲ့ ပူးပေါင်းလျက် ကြွပ်ကြွပ်အိတ်၊ ပလပ်စတစ်အိတ်များ အသုံးပြုရာမှာ လိုက်နာဆောင်ရွက်သင့်တဲ့ နည်းလမ်းများကို အသိပညာပေးခြင်း၊ ထုတ်လုပ် ရောင်းချခွင့်များ တားမြစ်ခြင်း၊ ကြွပ်ကြွပ်အိတ်အစား ချည်ဖြင့် ပြုလုပ်သော ဈေးဝယ်အိတ်များ၊ စက္ကူအိတ်များ အခမဲ့ပြန်လည်ဖြန့်ဖြူးပေးခြင်း၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးအတွက် အသိပညာပေး ပိုစတာများ စိုက်ထူခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုမှာလည်း ကြွပ်ကြွပ်အိတ် အသုံးပြုမှုအား လိုက်နာဆောင်ရွက်သင့်တဲ့ နည်းလမ်း(၅)သွယ်ဖြစ်တဲ့ ကြွပ်ကြွပ်အိတ် အသုံးပြုရန် မလိုအပ်ပါက သုံးစွဲရန် ငြင်းပယ်ခြင်း၊ ကြွပ်ကြွပ်အိတ်အစားထိုး အသုံးပြုရန်အတွက် ချည်အိတ်များ၊ စက္ကူအိတ်များနဲ့ အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်တို့ကို အသုံးပြု၍ ကြွပ်ကြွပ်အိတ်အား လျှော့ချခြင်း၊ ကြွပ်ကြွပ်အိတ်များအား အမှိုက်အဖြစ် စွန့်ပစ်ခြင်းမပြုလုပ်ဘဲ ပြန်လည်အသုံးပြုခြင်း၊ ကုန်ကြမ်းအဖြစ် အသုံးပြုပြီး ပြန်လည်ထုတ်လုပ်ခြင်း၊ သုံးပြီး အိတ်ခွံများအား စုထားပြီး ပြန်လည်အသုံးပြုနိုင်သော နေရာသို့ ပေးပို့ခြင်းစသည့် နည်းလမ်းများဖြင့် ပြည်သူလူထုအား ကြွပ်ကြွပ်အိတ်၊ ပလပ်စတစ်အိတ်များရဲ့ ဆိုးကျိုးများကို အသိပညာဗဟုသုတရရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသိပညာပေးခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ ထိခိုက်မှုမရှိစေရန် ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ နေပြည်တော် နယ်နိမိတ်အတွင်း သန့်ရှင်းသပ်ရပ်လှပစေရန် အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ရေးအတွက် ဆောင်ရွက်နေမှုများမှာ အိမ်ရာရပ်ကွက်များမှ အမှိုက်များကို သိမ်းဆည်းခြင်း၊ စည်းကမ်းမဲ့ အမှိုက်များအား သိမ်းဆည်းခြင်း၊ အမှိုက်အစိုများမှ သဘာဝမြေသြဇာများ ထုတ်လုပ်ခြင်း၊ အမှိုက်အခြောက်များမှ အမျိုးအစားခွဲ၍ ပြန်လည်အသုံးပြုခြင်း၊ ကျန်အမှိုက်များအား အမှိုက်ပုံးသို့ စွန့်ပစ်၍ ချိုင့်များတွင် မြေဖို့ခြင်းစသည့် ဆောင်ရွက်မှုများအပြင် ပလပ်စတစ်၊ ကြွပ်ကြွပ်အိတ် အမှိုက်လျော့နည်းပပျောက်ရေးအတွက် ဖော်ပြပါနည်းလမ်း (၅)သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလပ်စတစ်သုံးစွဲမှု

လျှော့ချရေး၊ ကင်းစင်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်စေရန် အသိပညာပေးလုပ်ငန်းများကို ဦးစားပေး စည်းရုံးဆောင်ရွက်လျက် ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပလပ်စတစ်သုံးစွဲမှု လျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိပါဝင်လာအောင် ဆောင်ရွက်ရေးဆိုတဲ့ ရည်ရွယ်ချက်မှာ အလွန်ကောင်းမွန်သည့် ရည်ရွယ်ချက် ဖြစ်တဲ့အတွက် ပလပ်စတစ်အိတ်ပစ္စည်းများ၏ Life Cycle မှ စတင်ထုတ်လုပ်တဲ့ ပစ္စည်းများသည် Hazardous Chemicals များ ဖြစ်ခြင်း၊ ထုတ်လုပ်မှုအဆင့်များ အားလုံးမှာလည်း လုပ်သားများ၏ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများရှိနိုင်ခြင်း၊ သုံးစွဲနေသည့် အချိန်များ တွင်လည်း စနစ်တကျသုံးစွဲမှု မရှိပါက သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်လာနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများအဖြစ် စွန့်ပစ်သည့် အခါတွင်လည်း စနစ်တကျခွဲခြား၍ စွန့်ပစ်သည့် စနစ်မရှိခြင်းနှင့် အန္တရာယ်ရှိပစ္စည်းများဟု မသိရှိ၍ နောက်ဆုံး စွန့်ပစ်မှုကိုလည်း စနစ်တကျ ဆောင်ရွက်မှု မရှိခြင်း၊ မည်သည့် စွန့်ပစ်နည်းနဲ့မဆို သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေ၍ ကျန်းမာရေး ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။

သို့အတွက် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၀၈ ခုနှစ်က စပြီးတော့ အဲဒီနှစ်မှာ ကျင်းပခဲ့တဲ့ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းမှု ရက်သတ္တပတ်လှုပ်ရှားမှုက စပြီးတော့ ပလပ်စတစ်အိတ် သုံးစွဲမှု လျှော့နည်းပပျောက်ရေးအတွက် ပြည်သူလူထုအတွင်းမှာ စည်းရုံးအသိပေးခြင်း၊ ဆွေးနွေးဟောပြောခြင်း များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါတယ်။ စည်ပင်သာယာရေးကော်မတီများနဲ့ ပူးပေါင်း၍လည်း ကြွပ်ကြွပ်အိတ်အစားထိုးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ပလပ်စတစ်အိတ် သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးများဟာ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်စေခြင်း၊ ဂေဟစနစ်များ ထိခိုက်မှုဖြစ်စေခြင်းသည် အဓိက ပြဿနာဖြစ်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စမှာ အလေးထား ဆောင်ရွက်သင့်တဲ့ ကိစ္စတစ်ခုအဖြစ် ရှုမြင်သုံးသပ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ထုတ်လုပ်မှု အဆင့်ဆင့်မှာ ပြည်သူလူထုထိခိုက်မှု နည်းပါးစေတဲ့ ပလပ်စတစ် အမျိုးအစားကိုသာ ထုတ်လုပ်သင့်ခြင်း နဲ့ ထုတ်လုပ်မှု လုပ်ငန်းများမှာ ပါဝင်တဲ့ လုပ်သားများရဲ့ ကျန်းမာရေးအန္တရာယ် ကင်းစင်ရေး အလေးထား သင့်ပါသဖြင့် စက်မှုလုပ်ငန်း ကြီးကြပ်ရေးနဲ့ လုပ်သားတို့ရဲ့ ဘေးအန္တရာယ် လုံခြုံရေးကိစ္စတစ်ခုအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

စွန့်ပစ်ပစ္စည်းကိစ္စရပ်များမှာလည်း ပိုမိုထိရောက်အောင် အသုံးပြုနိုင်ရေးအတွက် အမှိုက်ခွဲခြားခြင်း စနစ်ကို ပြည်သူတစ်ရပ်လုံးပါဝင်လာရေးအတွက် ဆောင်ရွက်လျက် ရှိပါတယ်။ အပြီးသတ်စွန့်ပစ်မှုအဆင့် Final Disposal ဆောင်ရွက်ရာမှာလည်း ပတ်ဝန်းကျင် ညစ်ညမ်းမှု အနည်းဆုံးဖြစ်စေမယ့် အစီအမံကိုသာ ရွေးချယ်၍ စွန့်ပစ်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်သင့်သည့် ကိစ္စတစ်ခုအဖြစ် ဒီ စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပေါ်ထွက်လာနိုင်ရေးကိုလည်း ကဏ္ဍများ အလိုက် ဆောင်ရွက်သင့်ပြီး အဆိုပါ ပလပ်စတစ်စွန့်ပစ်ရေး ကိစ္စရပ်အား ဥပဒေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းသင့်ပါသဖြင့် ဥပဒေမပြခင်ကာလ၌ ပြည်သူလူထုအတွင်း အသိပညာဖြန့်ဖြူးရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်သင့်ပါကြောင်းနဲ့ (၅၁)သန်းကျော်သော ပြည်သူလူထုအားလုံး ပါဝင်ပူးပေါင်း ဆောင်ရွက်လာနိုင်ရေးအတွက် နိုင်ငံတော် အစိုးရ အပါအဝင် တာဝန်ရှိသူအားလုံးက ပညာပေး စည်းရုံး ဆောင်ရွက်ကြရန်ဖြစ်ပြီး ယခုအခါတွင်လည်း သက်ဆိုင်ရာဌာန အသီးသီး၊ လူမှုရေးအသင်း အဖွဲ့အစည်း

အသီးသီးမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုရှင်တင်ပြခဲ့တဲ့ အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ပညာပေးခဲ့တာလည်း ကြာပါပြီ။ ဒီကိစ္စနဲ့ ပတ်သက်လို့လေ။ အဲဒီတော့ Reduce ဆိုတဲ့ အခါကျတော့ Reduce က ဘာကို Reduce လုပ်မှာလဲ။ ထုတ်လုပ်မှုကို Reduce လုပ်ဖို့၊ ကုန်ကြမ်းတင်သွင်းမှုကို Reduce လုပ်ဖို့ နောက် ပလပ်စတစ် မှာလည်း ကျွန်တော့်အသိအရဆိုရင် ပလပ်စတစ်က ဒါ ထိုင်းနိုင်ငံက မှောင်ခိုဝင်လာတဲ့ အချိန်မှာ ပလပ်စတစ်ခြင်းတောင်းတွေ၊ ဆပ်ပြာခွက်တွေ၊ အဲဒီမှာ စပြီးတော့ တွေ့ဖူးတာပါပဲ။ အရင်တုန်းကတော့ ကျွန်တော်တို့က ကြိမ်ခြင်းတောင်းတို့၊ သွပ်ပြားနဲ့ သံနဲ့လုပ်တဲ့ ဆပ်ပြာ ခွက်တို့ ဒါတွေပဲ ရှိတာပေါ့။ ရှိရာကနေ ပလပ်စတစ်ယဉ်ကျေးမှုကြီးက ဒီမှောင်ခိုလမ်းကြောင်းကနေပြီးတော့ ထိုင်းနိုင်ငံကနေ ဝင်လာခဲ့တဲ့ကိစ္စက အန္တရာယ်ရှိမှန်းလည်း မသိကြဘူး။ အဲဒီနောက်တော့ ကြွပ်ကြွပ်အိတ်တွေ ပေါ်လာ၊ ပေါ်လာတော့ အစားအသောက်တွေနဲ့ တိုက်ရိုက်ထိတွေ့တော့ ဒီနေ့ နေပြည်တော်က စားသောက်ဆိုင်တွေဟာ ဖော့ဗူးနဲ့ ရောင်းတုန်း၊ ကြွပ်ကြွပ်အိတ်နဲ့ ရောင်းတုန်းရှိပါသေးတယ်။ အဲဒီတော့တောနဲ့ ကျေးလက်ဒေသ ဆိုတာကိုတော့ မပြောနဲ့တော့ နေပြည်တော်မှာ အံ့အားသင့်စရာကောင်းလောက်အောင် အဲဒီလို ဖြစ်နေတာ ရှိတယ်။ ပလပ်စတစ်မှာ အန္တရာယ်ရှိတဲ့ဟာ၊ အန္တရာယ် မရှိတဲ့ဟာ ခွဲဖို့တော့ လိုပါတယ်။ ဥပမာ ပရိဘောဂလိုဟာမျိုး၊ ရေပုံးတို့လို၊ ခြင်းတောင်းတို့လို၊ ဆပ်ပြာခွက်တို့လို ဒါ အသေအချာတော့ မသိဘူးပေါ့၊ အန္တရာယ်မရှိတဲ့ကိစ⊞စ၊ Recycle လုပ်လို့ရှိရင် ရတဲ့ဟာတွေပေါ့၊ အန္တရာယ်မရှိတဲ့ကိစ္စကိုပဲ လုပ်တော့၊ အန္တရာယ်ရှိတဲ့ကိစ္စ မှန်သမျှပိတ်တော့ဆိုတဲ့ သဘောကို ပညာပေးရုံလောက်နဲ့တော့ မရတော့ဘူး။ မြေကြီးပါ ပျက်ဆီးသွားမယ့်သဘောရှိနေပါတယ်။ အဲဒီတော့ ဥပဒေပြုဖို့လိုလည်း ဥပဒေကြမ်းအမြန်ဆွဲအောင် ကျွန်တော်တို့လည်း ဝိုင်းကူပါမယ်။ ဒါ ကျယ်ကျယ်ပြန့်ပြန့်နဲ့ စဉ်းစားရမှာ၊ ပြီးတော့ ဒါ အစားအသောက်နဲ့ ပတ်သက်လို့ ဒါ ရုပ်သိမ်းလိုက်လို့ရှိရင် ဘာရှိမှာလဲ။ မရှိတဲ့အတွက် စဉ်းစားရမယ် ဆိုတာတော့ မလိုပါဘူး။ ဆိုင်တစ်ဆိုင်မှာ ပစ္စည်းစားစရာ သွားဝယ်တယ် ဆိုရင် အရင်တုန်းက ချိုင့်နဲ့ သွားတာပဲ၊ ကိုယ့်အိမ်က ချိုင့်နဲ့ ကိုယ့်အိမ်က ပန်းကန်နဲ့ သွားပြီးတော့ ဆိုင်က ယူကြတာပဲ။ ဒါ ပေါ်လာတော့မှသာ အလွယ်တကူနဲ့ ဆိုင်က ဒါနဲ့ လုပ်ပေးလို့ ဒါပဲယူလာတယ်။ ဒါ မလုပ်ရ ဆိုလို့ရှိရင် ကိုယ့်အိမ်က ချိုင့်နဲ့ သွားဝယ်မှာဘဲ၊ ဒါ သိပ်ပြီးတော့ ခက်ခဲစရာတော့ မရှိဘူးလို့ ထင်ပါတယ်။ ဒီဥစ္စာဆက်ပြီးတော့ ဆောင်ရွက်နေဦးမယ်ဆိုရင် တစ်နေ့တခြား ပိုဆိုးပြီးတော့မှ ဒီ လူသား၊ နိုင်ငံသားပေါ့၊ နိုင်ငံသားတွေရဲ့ အန္တရာယ်တွေ ကြီးမားပါတယ်။ ဒီနေ့ ဆေးရုံတွေမှာ သွားကြည့်ရင် ကင်ဆာရောဂါ တစ်အားဖြစ်နေတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ကင်ဆာအများဆုံး စာရင်းထဲမှာ ပါနေတဲ့ ကိစ္စတွေလည်း ဒါတွေ ပါပါတယ်။ ပါတော့ ဒါကို ဥပဒေပြုဖို့လိုပါတယ်။ ဝန်ကြီးပြောတဲ့အတိုင်းပဲ အဲဒီတော့ ဥပဒေကြမ်းကိုဆွဲပါ။ ကျွန်တော်တို့ ပူးပေါင်းပြီးဆောင်ရွက်ပေးပါ့မယ်။ ဒီမှာလာဆွဲရင်လည်း ဆွဲလို့ရပါတယ်။ အဲဒီတော့ အဆိုရှင် ဦးစောမော်ထွန်း သဘောထားပြောပါ။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။အဆိုရှင် ဦးစောမော်ထွန်း က မိမိရဲ့အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြပါ။

**အချိန်၊ ၁၁း၃၈။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ပလပ်စတစ်ဖြစ်စဥ်ဟာ ကျွန်တော်တို့ တစ်နိုင်ငံထဲဖြစ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကမ္ဘာ့အဝှမ်း ဖြစ်နေတာ ဖြစ်ပါတယ်။ အခု လတ်တလောရရှိတဲ့ သတင်းများအရဆိုလျှင် ကျွန်တော်တို့ အိမ်နီးချင်း နိုင်ငံကြီးတစ်နိုင်ငံက ပလပ်စတစ်ဆန်ကို အာရှဈေးကွက်ကို ပို့ပါတယ်။ ကျွန်တော်တို့ ကန်စွန်းဥတို့၊ ပလပ်စတစ်တို့နဲ့ လုပ်တဲ့ ဒီ ပလပ်စတစ်ဆန်ဟာ အကယ်၍ လူတိုင်းလည်း အလွယ်တကူ မသိနိုင်ပါဘူး။ စားသုံးမယ်ဆိုရင်လည်း အစာခြေလမ်းကြောင်းကို ပျက်စီးပြီးတော့ သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် တစ်နေ့တခြားပေါ့နော်၊ ကျွန်တော်တို့ ၁၉၅၀ ကတည်းက (၆၅)နှစ်လောက် အမြစ်တွယ် နေတဲ့ဟာ ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ လျှော့ချဖို့ကင်းစင်ဖို့က မလွဲမသွေလုပ်ရမှာ ဖြစ်ပါတယ်။ အစိုးရတစ်ရပ်နဲ့ နှီးနွှယ်ဌာနတွေ ဆောင်ရွက်နေရုံနဲ့လည်း မပြီးပါဘူး။ ပြည်သူအားလုံး ဆောင်ရွက်ရမယ့် လုပ်ငန်းစဥ်ဖြစ်တဲ့အတွက် ဒီအဆိုကို လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူလိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁)မှ ဦးစောမော်ထွန်း တင်သွင်းတဲ့ ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟ စနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလပ်စတစ်သုံးစွဲမှု လျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူ တစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်း ဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

အဆိုအပေါ် မှာထောက်ခံ(၁၈၀) ၊ ကန့်ကွက်(၂) ၊ ကြားနေ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးစောမော်ထွန်း ရဲ့ အဆိုကို အတည် ပြုကြောင်း ကြေညာ ပါတယ်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၅) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၅၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၆) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ကို ၁၁း၄၁ နာရီအချိန်တွင် ရပ်နားပါသည်။]